# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၈၁)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၄ ရက် ၊ ၁၉-၂-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံ သီးသန့်အစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံသီးသန့်အစည်းအဝေးကို ယနေ့ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြပြီး နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေးစသည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စများအပါအဝင် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုကဏ္ဍ တိုးမြှင့်နိုင်ရေးနည်းလမ်းများကိုလည်း ဆွေးနွေးကြသည်။

ထို့ပြင် နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တရားမဝင် နယ်စပ်ကုန်သွယ်ရေး၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုစသည့် တရားမဝင်လုပ်ငန်းများ တိုက်ဖျက်ရေး အပါအဝင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ ပူးပေါင်းတိုက်ဖျက်ရေးတို့တွင် ပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆွေးနွေးကြပြီး နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံ အကယ်ဒမီပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရှကာဒါရီဗစ်ချ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)၏ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တစ်ခုဖြစ်သည့် သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများမှ တစ်ဆင့် ထုတ်လုပ်မှု နယ်ပယ်အသီးသီးကို အကျိုးပြုစေမည့် နည်းပညာလွှဲပြောင်းရရှိရေးနှင့် နှစ်နိုင်ငံအကြား စီးပွားဆက်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံရာသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီ ၁၉ ရက် ၊ ကြာသပတေးနေ့ ။

## ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်း အစားအစာဘေးကင်းလုံခြုံမှုနှင့် အစားအစာ အလေအလွင့်လျှော့ချရေးဆိုင်ရာ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းကူးချိတ်ဆက်ပေးနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်းတွင် ခရီးသွားဧည့်သည်များအနေဖြင့် ဘေးကင်းလုံခြုံမှုကို ဦးစားပေးရွေးချယ်လာခဲ့ကြပါကြောင်း၊ ဘေးကင်းလုံခြုံမှုဆိုသည့်နေရာတွင် အစားအစာ ဘေးကင်းလုံခြုံမှုသည် ခရီးသွားဧည့်သည်များ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် ကဏ္ဍတစ်ရပ်ဖြစ်ပြီး ခရီးစဉ်ဒေသ၏ ပုံရိပ်ကို တည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သဖြင့် အစားအစာ ဘေးကင်းလုံခြုံမှုကို အထူးအလေးထားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဖေဖော်ဝါရီ ၁၇ ရက်နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း အစားအစာဘေးကင်းလုံခြုံမှုနှင့် အစားအစာအလေအလွင့်လျှော့ချမှုစီမံခန့်ခွဲရေး အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့ကြသည့် မှတ်သားလိုက်နာဖွယ်ရာများကို မိမိတို့သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် လိုက်နာကျင့်သုံးမှုဝေသွားရန်လိုအပ်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အစားအစာများ အလေအလွင့်ဖြစ်ပေါ်မှုနှင့် စွန့်ပစ်ရမှုကိစ္စသည် ယနေ့ကမ္ဘာ့လုံးဆိုင်ရာ စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အစားအစာလေလွင့်မှုကို စနစ်တကျထိန်းချုပ်နိုင်ပါက လုပ်ငန်း၏အမြတ်အစွန်းများ တိုးတက်လာမည်ဖြစ်ပါသဖြင့် အစားအစာ အလေအလွင့် လျှော့ချမှုစီမံခန့်ခွဲရေးသည် စီးပွားရေးအကျိုးအမြတ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း တစ်ပြိုင်တည်း အထောက်အကူပြုနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက အစားအစာဘေးကင်းလုံခြုံမှုနှင့် အစားအစာ အလေအလွင့်လျှော့ချမှုစီမံခန့်ခွဲရေးဆိုင်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ Food Waste Management in the Tourism Sector ခေါင်းစဉ်ဖြင့် ပြည်ပ ပညာသင်သွားရောက်ခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်းများက ပညာသင်အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြသည်။ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း အစားအစာဘေးကင်းလုံခြုံမှုနှင့် အစားအစာအလေအလွင့် လျှော့ချမှု စီမံခန့်ခွဲရေးခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အစားအစာစွန့်ပစ်ပစ္စည်းများကို လျှော့ချနိုင်ခြင်းဖြင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများက အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် လူငယ်စာဖတ်ဝိုင်း ကျင်းပ

**တံတားဦး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်းပြီး လူငယ်စာဖတ်ဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန၌ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားသော"အမှန်တရားကို မြတ်နိုးသူ" စာအုပ်အား လေ့လာဖတ်ရှုကြပြီး ယနေ့ညနေ ၃ နာရီက စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က အသိအမြင်ဗဟုသုတ တိုးပွားစေရန်နှင့် စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများရရှိစေရန် စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး "အမှန်တရားကို မြတ်နိုးသူ" စာအုပ်တွင်ပါရှိသော "ပထမခြေလှမ်း"၊ "ခေါင်းဆောင်မှု" နှင့် "ပြုံးသူအောင်နိုင်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းဝင် ဒေါ်ဆွေဆွေက "အမှန်တရားကို မြတ်နိုးသူ"၊ "ပညာနှင့်တူသော အလင်း"နှင့် "ပျော်ရွှင်ခြင်းလက်ဆောင်" အစရှိသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြပြီး လူငယ်စာဖတ်ဝိုင်းသို့ တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို ဆွေးနွေးကြရာ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆွေးနွေးမှုများကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉လမ်း ၃၅လမ်းနှင့် ၃၆လမ်းကြား၊ စည်ပင်ဝန်ထမ်းအိမ်ရာအနီးနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈(A)လမ်း၊ ၄၅ လမ်းနှင့် ၄၆ လမ်းကြား၊ လမ်းလျှောက်ကစားကွင်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက် ၁၂၁ လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမြှောရုံ၊ အ.ထ.က(၁)အနောက်ဘက်တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

ဝ-ဝ-ဝ-ဝ-ဝ

## မတ္တရာမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပေးဆွေးနွေး

**မတ္တရာ ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး တွေ့ဆုံ၍ အသိပေးဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက မြို့အဝင်လမ်းမကြီးတစ်လျှောက်နှင့် မြို့မဈေးပတ်ဝန်းကျင်တို့တွင် မော်တော်ယာဉ်လိုင်းများ၊ လုပ်ငန်းရှင်များ၊ ဈေးဆိုင်များအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေး၊ မီးဘေးလုံခြုံရေးအတွက် သတိမူရေးတို့ကို ပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍ ပညာပေးကာလများ သတ်မှတ်ပြီး အသိပညာပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလကျော်လွန်ပါက အရေးယူခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းစိုးက မြို့အဝင်လမ်းမကြီးဘေးဝဲယာ၊ မြို့မဈေးအတွင်းနှင့် ဈေးပတ်လည်မှ ဆိုင်ခန်းများအနေဖြင့် သတ်မှတ်နေရာများတွင်သာ ခင်းကျင်းရောင်းချရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးကြရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ အသိပေးဆွေးနွေးပွဲသို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ လမ်းဘေးဝဲယာမှ ဈေးဆိုင်များ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ရွှေရာသား)**

ဝ-ဝ-ဝ-ဝ-ဝ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၆ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးမင်းအောင် အား ကျန်းမာရေးအရ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှစ၍ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၇ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးမြတ်စံ အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီ ပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရှကာဒါရီဗစ်ချ်အား တွေ့ဆုံ

### မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီ ပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရှကာဒါရီဗစ်ချ်အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)


**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံသို့ ဦးတည်ရွေ့လျားကာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ရတနာပုံတက္ကသိုလ် (၂၆)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ကျရောက်မည့် ရတနာပုံတက္ကသိုလ်၏ (၂၆)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ အားကစားခန်းမ-၂ ၌ ကျင်းပသည်။



ဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စာကြည့်တိုက်နှင့် သုတပညာဌာန ပါမောက္ခ ဒေါက်တာဥမ္မာဦးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲတွင် ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးသည် "လူငယ်နှင့် စာပေအနုပညာ၊ လူငယ်နှင့် AI နည်းပညာ၊ လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် မျိုးချစ်စိတ်" စသည့် ခေါင်းစဉ်တို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက အားပေးကြည့်ရှုကြသည်။

ဆက်လက်ပြီး ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပါမောက္ခချုပ်က ပထမဆုရ မဇင်ဇင်ထက် (မဟာအရည်အချင်းစစ်သင်တန်း၊ ဥပဒေပညာအထူးပြု)၊ ဒုတိယဆုရ မလင်းလတ်ကျော်(တတိယနှစ်သင်တန်း၊ ဘူမိဗေဒအထူးပြု)နှင့် တတိယဆုရ မသင်းသင်းမိုး(တတိယနှစ်ဂုဏ်ထူးတန်း၊ သမိုင်းအထူးပြု) တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၀၈၂)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား/စီမံ)နှင့် မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကောဝိဒက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတို့သည် ထကြွလုံ့လဝီရိယရှိထသော။ သတိလည်းရှိထသော။ စင်ကြယ်သောကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံထသော။ ပြုလုပ်လိုရာကိစ္စဟူသမျှ၌ စူးစမ်းဆင်ခြင်၍ ပြုလုပ်လေ့ရှိထသော။ ကိုယ်စိတ်နှလုံးသုံးပါးတို့ကို စောင့်စည်းလေ့ရှိထသော။ တရားသဖြင့် အသက်မွေးလေ့ရှိသော၊ မမေ့မလျော့သောသူအား စည်းစိမ်ဥစ္စာအဖြာဖြာသည် တစ်နေ့တခြား တိုးပွားကြောင်းကို သဗ္ဗညုဘုရားရှင်က ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူကြောင်း၊ ဘုရားရှင် ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ သာသနာတော် ထွန်းကားပြန့်ပွားရေး လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းကြောင်း အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၅) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၆) တင်ပြချက်များကို လျှောက်ထားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့်ဆရာတော်များနှင့် လူပုဂ္ဂိုလ်များက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)နှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးကာ ဆုံးဖြတ်ချက်(၅)ရပ်ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော် ဘဒ္ဒန္တကောဝိဒက ကသိုလ်ရသည့် လုပ်ငန်းကိစ္စများကို ဆောင်ရွက်နေကြခြင်းကြောင့် ကောင်းမှုကုသိုလ်နှင့် ပြည့်စုံသော အမျိုးကောင်း သားသမီးတို့မှာ စိတ်ကတောင့်တသည့် အတိုင်း ဖြစ်လာနိုင်ကြပါစေ။ တောင့်တမှုမှန်သမျှ၊ အလုံးစုံသော အကျိုးတရားမှန်သမျှ ပြည့်စုံနိုင်ကြပါစေ။ သဒ္ဓါတရားပညာနှင့် ချင့်ချိန်ဆောင်ရွက်နိုင်ကြပါစေကြောင်း နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံပညာရေးစနစ်နှင့် ကိုက်ညီသည့်သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ် ပြုစုထိန်းသိမ်းထားရှိရေးအတွက် ညှိနှိုင်းအစည်းအဝေးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး သင်ရိုးညွှန်းတမ်းရေးဆွဲရေးညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၈

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းနှင့် ကဏ္ဍအလိုက် ကျွမ်းကျင်သည့်အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ် ပြုစုထိန်းသိမ်းထားရှိရေးအတွက်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ Subject Wise Committee(SWC) မှ ပါမောက္ခများနှင့် ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးစနစ်နှင့်ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် ပညာရေး ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်သည့် မှတ်တမ်းစာအုပ် ပြုစုရေးသားရန် အဖွဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ယင်းသို့ဖွဲ့စည်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖွဲ့စည်း၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း၊ Grade-12 မအောင်မြင်သူများအတွက် ပညာသင်ယူခွင့်လမ်းကြောင်းနှင့် Grade-9 ပြီးမြောက်ပြီး အထက်တန်း မတက်ရောက်သူများအတွက် ဆက်လက်ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများရေးဆွဲရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတွက် ပညာသင်ယူခွင့် အခွင့်အလမ်းလမ်းကြောင်း (Pathways) အဆင့်ဆင့်ကို ရေးဆွဲကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ပညာရေးတွင် လုပ်ဆောင်နေသည့် ပညာရေးပြုပြင်ပြောင်းလဲမှုများဖြစ်သည့် Job Ready Skills များ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်များနှင့်ပတ်သက်၍ Grade-10 မှ စတင်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ငါးနှစ်တာကာလအတွင်း ပညာရေးနှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုများကို ပြုစုရေးသားရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် အခြေပြကားချပ်(Chart)နှင့် အစီရင်ခံစာ(Report)ရေးသားရာတွင် နိုင်ငံတော်အစိုးရ၏ ပညာရေးပြုပြင်ပြောင်းလဲခြင်းနှင့် ပညာရေးအဆင့်အတန်းနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်းတို့အတွက် မှတ်တမ်းစာအုပ် ထည့်သွင်းပြုစုထားရှိရန် ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်ခဲ့သည့်မှတ်တမ်းများကို ထည့်သွင်းပြုစုရမည်ဖြစ်ကြောင်း ပြောကြားသည်။


ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရေးအတွက် ကော်မတီဖွဲ့စည်းထားရှိမှု၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှု၊ ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ မှတ်တမ်းစာအုပ်ပြုစုနိုင်ရေးအချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်များ၊ ဘာသာရပ်သင်ရိုးညွှန်းတမ်း ကော်မတီအဖွဲ့ဝင်များ၊ သင်ရိုးပြုစုရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်သင် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။





တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပစဉ်။

❖ စာမျက်နှာ ၂၄ မှ

သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်က ဒီပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂)ကို မည်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းချက်၊ တားမြစ်ချက်နဲ့ မဟုတ်ဘဲနဲ့ မိမိရဲ့သဘောဆန္ဒ

စာမျက်နှာ ၆ သို့





တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပစဉ်။

# (၃၂) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

(၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ် အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုပြီး တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။



တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

ထို့နောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့၏ သရုပ်ပြတီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

### ၂၆ သင်း ပါဝင်ယှဉ်ပြိုင်

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပစဉ်။

*စာမျက်နှာ ၅ မှ*

အလျောက်နဲ့ လာတက်ရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်က ပြည်သူ့စစ်မှုထမ်း သင်တန်းကို မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်တဲ့အတွက် ကိုယ့်တိုင်းပြည်ကို ကိုယ်ကျရာ အခန်းကဏ္ဍကနေ ကာကွယ်ချင်တဲ့ စိတ်ဆန္ဒတစ်ခုနဲ့ လာတက်တာပါ။ တပ်မတော်အင်အားရှိမှ တိုင်းပြည်ကလည်း အင်အားရှိလာမှာပါ။ နိုင်ငံသားတိုင်း မဖြစ်မနေတက်ရောက်ရမယ့် ပြည်သူ့စစ်မှုထမ်းသင်တန်းဖြစ်တဲ့အတွက်ကို နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ အဲအတွက် နောင်လာမယ့် ညီငယ်လေးတွေကိုလည်း ဒီနေရာကနေ ဖိတ်ခေါ်ပါတယ်။ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်လူမျိုးအတွက်၊ ကိုယ့်မိသားစုအတွက်ကို ကာကွယ်ရာရောက်ပါတယ်။ ဒီသင်တန်းမှာ ပို့ချတဲ့အရာတွေကို စည်းကမ်းတကျနဲ့ သေချာလေ့ကျင့်လိုက်နာဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်အတွက် တကယ်အားကိုးအားထားရတဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာမယ်ဆိုတာကိုလည်း ယုံကြည်ပါတယ်။ ရဲရဲဝံ့ဝံ့လည်း အာမခံပါတယ်။

၂။ ကျွန်တော်ကတော့ ဒီပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၂၂) ကို ကျွန်တော့်စိတ်ဆန္ဒ၊ ကျွန်တော့်သဘောနဲ့ ဝါသနာပါလို့ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ပြီးတော့ ပြည်သူ့စစ်မှုထမ်းဆိုတာကလည်း နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ရမယ့် အရာတစ်ခုဖြစ်တဲ့အတွက်ကို မြန်မာနိုင်ငံသားတိုင်းအတွက် ဂုဏ်လည်းရှိတယ်။ နိုင်ငံ့သားကောင်း တစ်ယောက်ဖြစ်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ကို ဒီသင်တန်းကျောင်းကြီးကနေပြီးတော့ အကောင်းဆုံး ပို့ချသင်ကြားပေးတာဖြစ်တဲ့အတွက် ယောကျ်ားကောင်းတစ်ယောက်ဖြစ်ဖို့၊ နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် ပြည်သူ့စစ်မှုထမ်းဆိုတာ မဖြစ်မနေ ပါဝင်ဆောင်ရွက်ရမယ့် အရာတစ်ခုဖြစ်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တပ်မတော်သားတစ်ယောက်ဖြစ်ဖို့ဆိုတာကတော့ လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ အရင်တုန်းက အရပ်သားဘဝမှာ နေချင်သလိုနေခဲ့တယ်။ စားချင်သလိုစားခဲ့တယ်။ သွားလာနေထိုင်ခဲ့တယ်။ ဒါပေမယ့် တပ်မတော်သား တစ်ယောက်ဖြစ်ဖို့အတွက် ဆိုရင်တော့ စည်းကမ်းတကျနဲ့ စစ်စည်းကမ်းအရနေရမယ်။ ဘယ်လိုအခက်အခဲမျိုးပဲရှိရှိ ကိုယ်ဝါသနာပါလို့ ဝင်ရောက်လာတယ်။ နိုင်ငံတော်ကို ကာကွယ်ချင်တယ်၊ ကိုယ့်မိသားစုကို ကာကွယ်ချင်တယ်ဆိုရင်တော့ ဘယ်လိုအခက်အခဲမျိုးကိုမဆို အကောင်းဆုံးကြိုးစားပြီးတော့ ဆောင်ရွက်သွားရမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။





သတင်းစဉ်

## ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက် သီးနှံစုံစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

ကျွန်းလှ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံ ရာသီအလိုက်စိုက်ပျိုးကြပြီး မိသားစုဝင်ငွေရရှိနေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်မျိုးစုံကို ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေတင်ပြီး စိုက်ပျိုးကြကြောင်း၊ ယခုနှစ်ဆောင်းရာသီ၌ ဧက ၁၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ကျေးရွာအနီး ချောင်းဘေးတစ်လျှောက်မှာ စပါးရိတ်သိမ်းပြီး ရေတင်စနစ်နဲ့ ကိုက်လန်၊ ကန့်လန့်၊ ပန်းမုန်လာ၊ မုံလာထုတ်၊ မုံညင်း၊ ခရမ်း၊ ခရမ်းချဉ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ နံနံ၊ ရုံးပတီ၊ ငရုတ် စတဲ့သီးနှံများကို စိုက်ပျိုးကြပါတယ်။ သီးနှံပေါ်ချိန် မိသားစုဝင်ငွေရရှိပြီး တိုးချဲ့စိုက်ပျိုးဖို့ပြင်ဆင်ထားပါတယ်"ဟု ရှမ်းစုကျေးရွာတောင်သူ ဦးအေးနိုင်က ပြောသည်။

အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး၊ ပိုးနှင်ဆေးပြုလုပ်သုံးစွဲနည်းနှင့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

o-o-o-o-o



## စူဠာမုနိရုပ်ရှင်တော်မြတ် ဘက်စုံအသုံးပြုနိုင်ရန် ငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူသော စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးထံတော်၌ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဘက်စုံအသုံးပြုနိုင်ရန် အလှူငွေကျပ် (၁၈)သိန်းကို ဖေဖော်ဝါရီ ၁၇ ရက်နံနက်ပိုင်းက ဦးကျော်ဇေယျ+ဒေါ်ချိုချို၊ (သမီး)ကေစီဇေယျ၊ အော်ဒရီဇေယျ၊ (သား)ဒဲရစ်(စ်)ကျော်ဇေယျတို့က လာရောက်လှူဒါန်းရာ စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၃၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၃၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနရုံးတွင် ပြုလုပ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၃၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ခရမ်းချဉ်သီးအထုပ်(၄၀၀)၊ ဘူးသီး(၂၅)လုံး၊ သခွားသီး(၄၅)လုံး၊ ကြက်သွန်မိတ်(၁၅)စီး၊ မုန်လာဥအစည်း(၄၀)၊ မုန့်ညှင်း(၂၇၅)စီးနှင့် ဖရုံသီး(၂၅)လုံးတို့ကို ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဝန်ထမ်းများအား စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့်တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ ဌာနတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



## မြန်မာနိုင်ငံဂီတအစည်းအရုံး မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်ဂီတအစည်းအရုံးအမှုဆောင်များ ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံဂီတအစည်းအရုံး မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်များဖွဲ့စည်းခြင်းအခမ်းအနားကို အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်အသီးသီးတို့တွင် အမှုဆောင်များ ဖွဲ့စည်းခြင်းနှင့်ဆိုင်းဘုတ်တင်မင်္ဂလာအခမ်းအနားများ ကျင်းပသည်။

ဦးစွာ မဟာအောင်မြေမြို့နယ် ဂီတအစည်းအရုံးအမှုဆောင်ဖွဲ့စည်းခြင်းနှင့်ဆိုင်းဘုတ်တင်မင်္ဂလာအခမ်းအနား စတင်ဖွင့်လှစ်ပြီး ပရောဟိတ်ဆရာကြီး ဦးမင်းဟံက အခါပေးရက်မြတ်ရွေးကာ ဘိသိက်သွန်းလောင်းပေးပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး မန္တလေးတိုင်းဒေသကြီးနာယက ဦးမြတ်စိုးဆွေ၊ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးသော်တာဦး၊ အတွင်းရေးမှူး ဒေါ်နှင်းနှင်းဖြူတို့က အမွှေးနံ့သာရည်များဖြင့် ပတ်ဖျန်းပေးခဲ့သည်။

အလားတူ အောင်မြေသာစံမြို့နယ်ဥက္ကဋ္ဌ ဦးဆွေ၊ ချမ်းအေးသာစံမြို့နယ်ဥက္ကဋ္ဌ ဦးညီလတ်၊ မဟာအောင်မြေမြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်ကြီးတံခွန်မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့ဖြင့် မြို့နယ်အသီးသီးတို့တွင် အမှုဆောင်များဖွဲ့စည်းခြင်းနှင့် ဆိုင်းဘုတ်တင်မင်္ဂလာအခမ်းအနားများ ကျင်းပခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## နွေစပါးနှင့် နွေသီးနှံအတွက် စိုက်ပျိုးရေပေးဝေ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ နွေစပါးနှင့်နွေသီးနှံစိုက်ပျိုးရာသီတွင် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိစေရန်အတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ စိုက်ပျိုးရေပေးဝေနေပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

မြို့သစ်မြို့နယ်တွင် တောင်သူများ နွေစပါးနှင့်နွေသီးနှံ(နှမ်း) စိုက်ပျိုးရာတွင် ရေရရှိရေးအတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နတ်မောက်ဆည် ရေလှောင်တမံမှ (၆၀၁၄)ဧက၊ ပုလင်းဆည် ရေလှောင်တမံမှ(၇၄၆)ဧက၊ စွန်ဆည် ရေလှောင်တမံမှ(၂၁၅၈)ဧကနှင့် ဆဒ္ဒန်ဆည် ရေလှောင်တမံမှ(၉၅၈)ဧက စုစုပေါင်းနွေစပါးနှင့် နွေနှမ်းလျာထားဧက (၉၈၇၆)ဧကအတွက် စိုက်ပျိုးရေလုံလောက်စွာပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးပေါ်တင့်ထံက သိရသည်။ **ဝင်းအိစွန်(မြန်/ဆက်)**



## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများအား မျိုးစပါးများ ဖြန့်ဝေပေးလျက်ရှိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများအား နွေစပါးများ ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။



၂၀၂၅-၂၀၂၆ ခုနှစ်၊ မိတ္ထီလာမြို့နယ်တွင် နွေစပါးစိုက်ပျိုးရန် စိုက်ဧက ၁၀၉၀ လျာထားသတ်မှတ်ထားသည့် စိုက်ဧကများအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမည့် ကျေးရွာအုပ်စု ၉ အုပ်စုမှ ကျေးရွာ ၁၉ ရွာရှိ တောင်သူ ၃၃၅ ဦးက ကွင်း ၁၂ ကွင်းဖြင့် နွေစပါးစိုက်ပျိုးဧက ၈၉၀ ကို စိုက်ပျိုးသွားမည်ဖြစ်သည်။ ယင်းသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရာတွင် သက်ဆိုင်ရာဌာနများက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နွေစပါးစိုက်ဧက တစ်ဧကလျှင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ် နှစ်သိန်းငါးသောင်းအား အကျိုးတူ ကုမ္ပဏီအားပေးအပ်၍ ၎င်းကုမ္ပဏီမှ နွေစပါးစိုက်တောင်သူများအား ငွေကျပ်နှစ်သိန်းငါးသောင်းတန်ဖိုးနှင့် ညီမျှသည့် စပါးမျိုးစေ့၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးတို့ကို ပေးအပ်သွားမည်ဖြစ်သည်။ အဆိုပါပေးအပ်သည့်ကုမ္ပဏီအား ငွေကျပ် နှစ်သိန်းငါးသောင်းနှင့် ညီမျှသည့် နွေစပါးများကို ကာလပေါက်ဈေးနှုန်းဖြင့် ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။

အဆိုပါနိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် နွေစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးရှေ့တန်းတာဝန်ခံများက စပါးမျိုးစေ့များကို ကျေးရွာအရောက် ကွင်းဆင်း၍ ဖြန့်ဝေပေးလျက်ရှိရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမည့်နွေစပါးစိုက်ဧကများတွင် GW-11၊ မော်ဘီကောက်ညှင်း၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ ရေဆင်းပေါ်ဆန်း-၂ နှင့် မနောသုခမျိုးစပါးများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၆၉)**

## အမေရိကန်နှင့် သွယ်ဝိုက်၍ ပြုလုပ်သော နျူ ဆွေးနွေးပွဲများတွင် တိုးတက်မှုများ ရရှိခဲ့သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား



**တီဟီရန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်ပြည်ထောင်စု နှင့် သွယ်ဝိုက်၍ပြုလုပ်သော နျူကလီးယားဆိုင်ရာ ဆွေးနွေးပွဲများတွင် ကောင်းမွန်သော တိုးတက်မှုများ ရရှိခဲ့ကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အာရတ်ချ်ချီက ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အိုမန်နိုင်ငံက ကြားဝင်စေ့စပ်ပေးသည့် အဆိုပါဆွေးနွေးပွဲများကို ပင်လယ်ကွေ့ဒေသတွင် နှစ်ဖက်စလုံးက စစ်ရေးအင်အားပြသမှုများ မြင့်တက်နေသည့် အခြေအနေတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ၁၇ ရက်တွင် ကျင်းပခြင်းဖြစ်သည်။

သံတမန်ရေးရာ နည်းလမ်းဖြင့် မအောင်မြင်ပါက စစ်ရေးအရ အရေးယူဆောင်ရွက်မှုမှာ ရွေးချယ်စရာတစ်ခုအဖြစ် ရှိနေဆဲဖြစ်ကြောင်း ဝါရှင်တန်က သတိပေးထားသည်။

မိမိတို့အနေဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် လမ်းညွှန်မူဝါဒများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီချက်ရရှိခဲ့ပြီး ယင်းအပေါ် အခြေခံ၍ ဖြစ်နိုင်ခြေရှိသော သဘောတူညီချက်မူကြမ်းကို စတင်ရေးသားသွားမည်ဖြစ်ကြောင်း အာရတ်ချ်ချီက နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## ကာလီဖိုးနီးယားပြည်နယ်တွင် နှင်းပြိုမှု ဖြစ်ပွားခဲ့ပြီးနောက် နှင်းလျှောစီးသမား ခြောက်ဦးကို ကယ်ဆယ်ရန် ကြိုးပမ်းလျက်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်ပြည်ထောင်စု အနောက်ပိုင်း၊ ကာလီဖိုးနီးယားပြည်နယ်ရှိ ဆီယာရာနီဗားဒါး တောင်တန်းတွင် ကြီးမားသော နှင်းပြိုမှု ဖြစ်ပွားခဲ့ပြီးနောက် ပိတ်မိနေသည့် နှင်းလျှောစီးသမား ခြောက် ဦးထံသို့ရောက်ရှိရန် ကယ်ဆယ်ရေးအဖွဲ့များ ပြင်းထန်သောနှင်းမုန်တိုင်းကြားမှ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ကာလီဖိုးနီးယားပြည်နယ် မြောက်ပိုင်းတွင် အင်အားပြင်းထန်သော ဆောင်းရာသီမုန်တိုင်း ကျရောက်နေချိန်တွင် အဆိုပါ တောင်တန်း၌ နောက်ထပ်နှင်းပြိုနိုင်ခြေမြင့်မားလျက်ရှိပြီး ယင်းအဖွဲ့မှ အခြားနှင်းလျှောစီးသမားကိုး ဦးမှာလည်း ပျောက်ဆုံးနေကြောင်း နီဗားဒါးခရိုင်ရဲအရာရှိရုံးက သတင်းထုတ်ပြန်သည်။

နှင်းပြိုနိုင်သည့်အန္တရာယ်မှာ အလွန်မြင့်မားနေဆဲဖြစ်သောကြောင့် အဆိုပါဒေသသို့ သွားရောက်ရာတွင် အထူးဂရုစိုက်ရမည်ဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းစဉ်မှာ နှေးကွေးကာ ပင်ပန်းခက်ခဲမည်ဖြစ်ကြောင်း ရဲအရာရှိရုံးမှ ကပ္ပတိန် ရပ်ဆဲလ်ဂရင်းက ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့များသည် နှင်းပြိုကျသည့်နေရာသို့ ရောက်ရှိခြင်းမရှိသေးကြောင်း ၎င်းကအတည်ပြုသည်။

ဒုက္ခရောက်နေသောအဖွဲ့တွင် နှင်းလျှောစီးလမ်းပြများနှင့် ဧည့်သည်များပါဝင်သည်။ အနည်းဆုံး လူ ခြောက်ဦးမှာ နှင်းပြိုမှုမှ လွတ်မြောက်ခဲ့ပြီး ကယ်ဆယ်ရေးကို စောင့်ဆိုင်းလျက်ရှိနေသော်လည်း ကျန်ရှိသူများမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

**0-0-0-0-0**




## အီတလီနိုင်ငံမှ ပထမဆုံး လေယာဉ်တင်သင်္ဘောကို ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံက လက်ခံရရှိမည်

**ဂျကာတာ ဖေဖော်ဝါရီ ၁၈**

အင်ဒိုနီးရှားနိုင်ငံသည် အီတလီနိုင်ငံမှ ၎င်း၏ ပထမဆုံး လေယာဉ်တင်သင်္ဘောကို ယခုနှစ်အတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျူဆက်ပီ ဂယ်ရီဘောလ်ဒီ အမည်ရှိ အဆိုပါ လေယာဉ်တင်သင်္ဘောကို အီတလီအစိုးရက အင်ဒိုနီးရှားနိုင်ငံသို့ အခမဲ့လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် ဗျူရိုဌာနမှူး ဗိုလ်ချုပ် ရီကို ရီကာဒို ဆီရိုက်က ထုတ်ဖော်ပြောကြားသည်။

ဂျူဆက်ပီ ဂယ်ရီဘောလ်ဒီ လေယာဉ်တင်သင်္ဘောသည် အီတလီအစိုးရထံမှ ရရှိသည့် အထောက်အပံ့တစ်ခု ဖြစ်သည်။

အင်ဒိုနီးရှားအစိုးရသည် အဆိုပါသင်္ဘောအား အင်ဒိုနီးရှားနိုင်ငံ၏ စစ်ဆင်ရေးလိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် ညှိနှိုင်းမွမ်းမံခြင်းများအတွက် ဘတ်ဂျက်ငွေ လျာထားသတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ၂၀၂၅ ခုနှစ်၏ ကမ္ဘာ့မော်တော်ယာဉ်လုပ်ငန်းကဏ္ဍတွင် ဘီဝိုင်ဒီကုမ္ပဏီအနေဖြင့် မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့



**ပေကျင်း ဖေဖော်ဝါရီ ၁၈**

၂၀၂၅ခုနှစ်၏ကမ္ဘာ့မော်တော်ယာဉ်လုပ်ငန်း ကဏ္ဍတွင် တရုတ်နိုင်ငံ၏ ဘီဝိုင်ဒီကုမ္ပဏီအနေဖြင့် မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့ပြီး မှတ်တမ်းဝင်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာန ကဖော်ပြသည်။

ဘီဝိုင်ဒီ၏ တစ်ကမ္ဘာလုံးဆိုင်ရာ မော်တော်ယာဉ်ရောင်းချရမှုသည် ပထမဆုံးအကြိမ်အဖြစ် ဖို့ဒ်ကုမ္ပဏီကို ကျော်တက်သွားခဲ့ပြီး ကမ္ဘာ့အကြီးဆုံး မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများစာရင်းတွင် အဆင့်ခြောက် နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

ဘီဝိုင်ဒီသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် မော်တော်ယာဉ်အစီးရေ ၄ ဒသမ ၆ သန်းခန့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယင်းသည် ဖို့ဒ်ကုမ္ပဏီထက် အစီးရေ နှစ်သိန်းခန့် ပိုမိုများပြားသည်။ ဖို့ဒ်ကုမ္ပဏီမှာမူ တစ်ကမ္ဘာလုံးဆိုင်ရာ ရောင်းအား နှစ်ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီး အစီးရေ ၄ ဒသမ ၄ သန်းအောက်သာ ရောင်းချနိုင်ခဲ့သဖြင့် အဆင့်ခုနစ်နေရာသို့ ကျဆင်းသွားသည်။

ထိပ်တန်းအဆင့်များတွင် မူနာမည်ကြီးလုပ်ငန်းကြီးများကသာ ဆက်လက်လွှမ်းမိုးထားဆဲဖြစ်ရာ တိုယိုတာကုမ္ပဏီက စံချိန်တင် ရောင်းအားဖြစ်သော အစီးရေ ၁၁ ဒသမ ၃ သန်းဖြင့် ပထမနေရာတွင် ခိုင်ခိုင်မာမာ ရပ်တည်နေသည်။

၎င်း၏နောက်တွင် ဖောက်စ်ဝက်ဂွန်အုပ်စုက အစီးရေ ၉ သန်းနီးပါး၊ ဟွန်ဒေး ကီယာက ၇ ဒသမ ၂ သန်း၊ ဂျန်နရယ်မော်တော်က ၆ ဒသမ ၂ သန်းခန့်နှင့် စတဲလန်းတစ်က ၅ ဒသမ ၅ သန်းခန့်ဖြင့် အသီးသီး ရပ်တည်နေကြောင်း သိရသည်။ **Mon**

## ဂျပန်အခြေစိုက် နိုရင်ချူးကင်ဘဏ် တမြန်မနှစ်က အရှုံးပေါ်ခဲ့သော်လည်း ယမန်နှစ် သုံးလအတွင်း အသားတင်အမြတ်ငွေ ယန်း ၁၄ ဒသမ ၆ ဘီလီယံ ရရှိခဲ့

**တိုကျို ဖေဖော်ဝါရီ ၁၈**

ဂျပန်အခြေစိုက် နိုရင်ချူးကင်ဘဏ်သည် တမြန်မနှစ်က ယန်း ၅၂၀ ဒသမ ၅ ဘီလီယံ (ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ) အရှုံးပေါ်ခဲ့သော်လည်း ယမန်နှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလတာကာလအတွင်း အသားတင်အမြတ်ငွေ ယန်း ၁၄ ဒသမ ၆ ဘီလီယံ (ဒေါ်လာ ၉၅ သန်း) ရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာန ကဖော်ပြသည်။

ယင်းသည် အစုရှယ်ယာဈေးကွက်တွင် စာရင်းမဝင်သေးသော အဆိုပါဘဏ်အတွက် ဆက်တိုက် အမြတ်ငွေ ရရှိခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

လွန်ခဲ့သော ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြား အစိုးရအာမခံစာချုပ်များ၏ တန်ဖိုးကျဆင်းမှုကြောင့် ဒေါ်လာ ၁၂ ဒသမ ၆၃ ဘီလီယံ အရှုံးပေါ်ခဲ့ပြီးနောက် ယခုကဲ့သို့ အမြတ်အစွန်းများ ပြန်လည်ရရှိလာခြင်းဖြစ်သည်။

နိုရင်ချူးကင်ဘဏ်သည် ယခု ဘဏ္ဍာရေးနှစ်အတွက် အမြတ်ငွေ ယန်း ၃၀ ဘီလီယံမှ ၇၀ ဘီလီယံအထိ ရရှိရန်ခန့်မှန်းထားသော်လည်း ၂၀၂၇ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ်အတွက်မူ အမြတ်ငွေ ယန်း ၅၀ ဘီလီယံမှ ၁၀၀ ဘီလီယံအထိ ရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

အဆိုပါဘဏ်၏ အာမခံစာချုပ်ရင်းနှီးမြှုပ်နှံမှုများတွင် ဒီဇင်ဘာလကုန်အထိ လက်တွေ့အကောင်အထည်မဖော်ရသေးသော အရှုံးငွေ ယန်း ၁ ဒသမ ၀၇ ထရီလီယံ ရှိနေကြောင်း သိရသည်။

**Mon**

**0-0-0-0-0**





## မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်

**မြို့သစ် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး သရုပ်ပြဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဈေးသူ၊ ဈေးသားများက ကြည့်ရှုအားပေးကာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်က မီးလောင်မှုမဖြစ်ပေါ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့်မီးငြိမ်းသတ်နည်း၊ မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်နည်းများအား လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ) ဝင်းအိစွန့်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ





## တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တာချီလိတ် ဖေဖော်ဝါရီ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီ မိနစ် ၂၀ က တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ ပုံလို့လမ်းတွင် လမ်းလျှောက်လာသူ ကျော်စန်းဦး(ခ) ကုလားဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် ၃ကီလိုအား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅ နာရီ ၄၅ မိနစ်က ဝင်းကျော်စွာ(ခ)ကိုထွန်း ဆိုသူအား တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ နှင့်အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် ၀ ဒသမ ၁ ကီလိုတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်စန်းဦး(ခ) ကုလား (၃၁)နှစ်ဆိုသူနှင့် ဝင်းကျော်စွာ(ခ)ကိုထွန်း (၄၀)နှစ်ဆိုသူတို့အား တာချီလိတ်မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မူဆယ် ဖေဖော်ဝါရီ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀နာရီမိနစ် ၅၀ က မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ မူဆယ်-နမ့်ခမ်းသွားကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် လမောင်ဆိုင်းအောင်(ခ)ဆိုင်းအောင် ဆိုသူ မောင်းနှင်လာသည့် TOYOTA LANDCRUISER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၄၀၂၀၀၀၊ မြန်မာငွေကျပ် နှစ်သိန်းနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လမောင်ဆိုင်းအောင်(ခ)ဆိုင်းအောင် (၃၀)နှစ်ဆိုသူအား မူဆယ်မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူ

**မကွေး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်နှင့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး ဖမ်းဆီး အရေးယူထားသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခွဲက မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်ရတနာရပ်ကွက်၊ မြို့ပတ်လမ်း၌ မကွေးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ သင်္ဂနက်ကျေးရွာနေ နေရဲလင်း(၂၈)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN EXTRAIL မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နေရဲလင်း ဆိုသူအား မကွေးနယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

အလားတူ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ရွှေလဖုန်းကျေးရွာ၊ ညောင်ရွှေ-မိုင်းသောက်သွား ကားလမ်း၌ ညောင်ရွှေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ညောင်ရွှေမြို့မှ မိုင်းသောက်ကျေးရွာဘက်သို့ အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်နေ သောင်းထွန်းဝင်း (၃၀)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA PROBOX မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သောင်းထွန်းဝင်းဆိုသူအား ညောင်ရွှေမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

ထို့အတူ ည ၇ နာရီခွဲက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုပွလင်လမ်းဆုံ စစ်ဆေးရေးဂိတ်၌ ကျိုက်ထိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရဲစိုက်ခင်းရပ်ကွက်နေ ဇင်မင်းထိုက်(ခ)တောသား (၂၃)နှစ်ဆိုသူ မောင်းနှင်လာသည့် MITSUBISHI CANTER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇင်မင်းထိုက်(ခ)တောသား ဆိုသူအား သိမ်ဇရပ်နယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၃ နာရီတွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံ-တောင်ကြီးသွားကားလမ်း၊ ကျိုင်းဖောင်းရွာဘုန်းကြီးကျောင်းအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျိုင်းဖောင်းကျေးရွာဘက်မှ ကျိုင်းတုံမြို့တွင်းသို့ ကျိုင်းတုံမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ မျိုးဇော်အောင် (၂၉)နှစ်ဆိုသူ မောင်းနှင်လာသည့် ALPHARD မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ဘေးရှိ ညောင်ပင်အား ဝင်ရောက်တိုက်မိ၍ မျိုးဇော်အောင် ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် မျိုးဇော်အောင်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



**(ဓာတ်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

❒ စာမျက်နှာ ၂၄ မှ
အဖွဲ့ဝင် အမျိုးသားများနှင့် အမျိုးသမီးများသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည်နှင့်အညီ ယနေ့ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင်လည်း BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးနှင့် ၎င်း၏ မိသားစုဝင်များသည် လက်နက်မျိုးစုံ ခြောက်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်လုံခြုံရေး တပ်စခန်းတစ်ခုထံသို့ လာရောက်ဆက်သွယ်သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။


BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးအား လက်နက်၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

PDF အပါအဝင် အခြားသော အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အား ဆန့်ကျင်တိုက်ခိုက်ခြင်း၊ နယ်မြေခံပြည်သူလူထုများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်းများ လုပ်ဆောင်လျက် ရှိသည့်အပြင် အချိန်ကြာမြင့်လာသည်နှင့်အမျှ ကိုယ်ကျိုးစီးပွားကို အခြေခံ၍ နယ်မြေလုချင်း၊ ဝေစုမတည့်ခြင်း၊ အချင်းချင်း ဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း စသည်တို့ဖြစ်ပေါ်လာခဲ့ခြင်းတို့ကြောင့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း (ခေါ်) နဂါး အနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုများအား မနှစ်မြို့တော့ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းတို့ကြောင့် ယခုကဲ့သို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးနှင့် ၎င်း၏ မိသားစုဝင်များအား နယ်မြေခံလုံခြုံရေးတပ်ဌာနချုပ်မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ဆေးဝါးအကူအညီများနှင့် အုပ်ချုပ်မှုကိစ္စရပ်များအား အဆင်ပြေမှုရှိစေရေးဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် လိုအပ်သည့် စိစစ်မှုများကို လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အစဉ်တံခါးဖွင့်ကြိုဆိုဖိတ်ခေါ်ထားရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ထပ်မံဝင်ရောက်လာမည့်သူများကိုလည်း တရားဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ - ကိုရီးယား ပူးပေါင်းရိုက်ကူးမည့် All Pass လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲအတွက် သရုပ်ဆောင်များ ရွေးချယ်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ-ကိုရီးယား ပူးပေါင်း၍ ပထမဦးဆုံး ရိုက်ကူးထုတ်လုပ်မည့် All Pass လူငယ်ဒရာမာ ရုပ်သံ ဇာတ်လမ်းတွဲအတွက် မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ သရုပ်ဆောင်များ၏ အမည်စာရင်းကို ယနေ့တွင် ရွေးချယ်ထုတ်ပြန်လိုက်သည်။

အဆိုပါ ဇာတ်လမ်းတွဲအတွက် မြန်မာနိုင်ငံဘက်မှ သရုပ်ဆောင်ရွေးချယ်ခြင်းကို ကိုရီးယားနိုင်ငံမှ ဒါရိုက်တာအဖွဲ့ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း လူတွေ့စစ်ဆေးခြင်း (၃)ကြိမ် ပြုလုပ်ခဲ့ပြီး ရုပ်ရှင်ရွှေကြိုအနုပညာရှင်များ ဖြစ်ကြသည့် လင်းလက်ခွန်းချို၊ ပြည့်စုံ၊ စီဆမ်ကျော်ဇော၊ မေချစ်သက်၊ သူရိန်မင်းခန့်၊ ဖြိုးဟန်ကျော်၊ မိုးဖူးဖူးခင်တို့နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းအနုပညာရှင်များ ဖြစ်ကြသည့် အိန္ဒြာစိုးစံ၊ ကျော်သက်အောင်၊ ရာဇာအောင်နှင့် မြနန္ဒာတို့အား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။




ထို့ပြင် ကိုရီးယားနိုင်ငံဘက်မှ ရုပ်သံဇာတ်လမ်းတွဲများစွာ ရိုက်ကူးထားရှိသည့် နာမည်ကြီးသရုပ်ဆောင်များဖြစ်ကြသော Mo Gun- hoo၊ Park San- ha၊ Cho Chan- Hyung တို့ကို အဓိကသရုပ်ဆောင်များအဖြစ် ရွေးချယ်ထားပြီး Song Jung- hwan၊ Jang Eun-Youn၊ Lee Je-na၊ Cho Won-hyung၊ Yoo Jun-hyuk နှင့် Lee See-yoon တို့ကို လူတွေ့စစ်ဆေးခြင်းပြုလုပ်၍ ရွေးချယ်ခဲ့ကာ ၎င်းတို့မှာ မြန်မာနိုင်ငံသို့ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၃ ရက်တို့တွင် လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

ယင်းရုပ်သံဇာတ်လမ်းတွဲကို ထူးချွန်ဆုရရှိထားသူ ဒါရိုက်တာရှင်ကီဝန်းက ဦးဆောင်၍ လူငယ်များ အတွေးအခေါ်မှန်ကန်ပြီး ဘဝအောင်မြင်ရေးအတွက် အရည်အချင်းများ တိုးတက်လာစေရန်၊ ကန့်သတ်ချက်များ အကြားမှ ရှန်းကန်ကြိုးပမ်း ဆောင်ရွက်တတ်စေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အပြန်အလှန် သွားရောက်ရိုက်ကူးကာ ၂၀၂၆ ခုနှစ် မတ်လအပြီး ထုတ်လုပ်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက နွေရာသီကာလ ကလေးများ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန်နှင့် အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရန်တို့အတွက် ရည်ရွယ်ဖွင့်လှစ်သည့် နွေရာသီ အားကစားသင်တန်းများကို၊ မြို့နယ်အားကစားကွင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်ပေးလျက်ရှိသည့် နွေရာသီ အားကစားသင်တန်းများမှာ ကရာတေး၊ ဘောလုံးနှင့် Physical Fitness Dance တို့ဖြစ်ပြီး၊ မြို့နယ်အားကာမှူး ဦးအောင်ကိုကိုလတ်က နည်းပြအဖြစ် တာဝန်ယူထားသည့် ကရာတေးအားကစားနည်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး၊ နည်းပြ ဦးသန်းစိုး တာဝန်ယူထားသည့် ဘောလုံးအားကစားနည်းတွင် သင်တန်းသား ၄၀ဦးနှင့် နည်းစနစ်မှူး ဒေါ်ဝင်းမင်းသန်း နည်းပြတာဝန်ယူထားသည့် Physical Fitness Dance တွင် သင်တန်းသူ ၂၀ ဦးတို့ဖြင့် (၁၄-၂-၂၀၂၆)ရက်နေ့၊ နံနက်ပိုင်းမှ စတင်ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။ "ကျောင်းသားတွေကို အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင်စေဖို့နဲ့ အားကစားကို လူငယ်တွေ ပိုမိုစိတ်ပါဝင်စားလာစေချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ နှစ်စဉ်နှစ်တိုင်း နွေရာသီအားကစားသင်တန်းတွေကို ကျောင်းပိတ်တာနဲ့ တစ်ပြိုင်နက် ဖွင့်လှစ်ပေးခဲ့တာပါ။ အခုက သင်တန်းအစဆိုတော့ သင်တန်းသားက မစုံသေးပါဘူး၊ ဒါပေမဲ့ နေ့စဉ် သင်တန်းသားဦးရေ တိုးနေတာပါ။ သင်တန်းကာလကိုတော့ တစ်လသတ်မှတ်ထားပါတယ် ဒီလ ၁၄ ရက်နေ့က စဖွင့်ပြီး၊ မတ်လ ၁၅ ရက်နေ့ဆိုရင် သင်တန်းပြီးမှာပါ"ဟု မြို့နယ်အားကစားမှူး ဦးအောင်ကိုကိုလတ်က ပြောကြားကြောင်း သိရသည်။

(၄၅၆)



## မြန်မာ့လက်ရွေးစင် ဖူဆယ် အမျိုးသမီးအသင်း ထိုင်းနိုင်ငံသို့ ရောက်ရှိ

မြန်မာ့လက်ရွေးစင် ဖူဆယ် အမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ယနေ့နံနက်ပိုင်းက ရောက်ရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ် အမျိုးသမီးအသင်းတွင် ကစားသမား ၁၆ ဦး၊ အုပ်ချုပ်နည်းပြ ၁၀ ဦး လိုက်ပါသွားခဲ့ပြီး Kasem Bundit University တွင် နေထိုင်တည်းခိုကာ စခန်းသွင်းလေ့ကျင့်မှုများကို ပြုလုပ်သွားမည်ဖြစ်သည်။ ထို့နောက် ပြိုင်ပွဲကျင်းပရာ Nakhon Ratchasima သို့ ဖေဖော်ဝါရီ ၂၂ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် Asean Women's Futsal Championship 2026 ပြိုင်ပွဲ၏ အုပ်စု(ခ)တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဩစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(NGB)

# နိုင်ငံတကာ အားကစား သတင်းများ



## ဇင်ချန်ကို ဒူးဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်ထိ အနားယူရဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁၈**

အေဂျက်စ်အသင်း နောက်ခံကစားသမား ဇင်ချန်ကို ဒူးဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်ထိ အနားယူရဖွယ်ရှိနေသည်။ **(အပေါ်ပုံ)**

အဆိုပါ နောက်ခံကစားသမားသည် အေဂျက်စ်အသင်းက ဖော်ကျူနာဆစ်တပ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဇင်ချန်ကို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အေဂျက်စ်အသင်းအတွက်သာမက နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ယူကရိန်းအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဇင်ချန်ကိုသည် အေဂျက်စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ နှစ်ပွဲသာ ကစားထားသေးပြီး ယူကရိန်းလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၅ မှ ၂၀၂၅ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၇၅ပွဲကစားကာ ၁၂ ဂိုး အထိသွင်းယူထားသည်။(NGB)

## 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Nao Hibino တက်ရောက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဂျပန်တင်းနစ်မယ် Nao Hibino တက်ရောက်နိုင်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ ဂျပန်တင်းနစ်မယ် Nao Hibino သည် 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Himeno Sa kat sume ကို ၆-၃၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

2026 Dow Tennis Classic တင်းနစ် ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျပန်တင်းနစ်မယ် Nao Hibino နှင့် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Carolyn Ansari တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**



## ဆာကာ အာဆင်နယ်အသင်းနှင့် ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဖေဖော်ဝါရီ ၁၈**

အာဆင်နယ်အသင်းသည် အသင်း တောင်ပံကစားသမား ဆာကာကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ တောင်ပံကစားသမားသည် ယခုစာချုပ်သစ်ကြောင့် တစ်ပတ်လုပ်ခလစာငွေ စတာလင်ပေါင် ၃၀၀၀၀၀ အထိ ရရှိမည်ဖြစ်သည်။

တောင်ပံကစားသမား ဆာကာသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၆ပွဲကစားကာ ၇၇ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အသက်(၂၄)နှစ်အရွယ်ရှိ ဆာကာက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ယခုနှစ်ဘောလုံးရာသီမှာ ဆုဖလားများစွာ ရယူသိမ်းပိုက်သွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(NGB)**

## ဟေဒန်ဟက်ခ်နေးကို ခေါ်ယူရန် မန်ယူအသင်း စီစဉ်

**လန်ဒန် ဖေဖော်ဝါရီ ၁၈**

မန်ယူအသင်းသည် မစ်ဒယ်ဘရော့အသင်း ကွင်းလယ်ကစားသမား ဟေဒန်ဟက်ခ်နေးကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မစ်ဒယ်ဘရော့အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၆ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



မစ်ဒယ်ဘရော့အသင်းကလည်း ဟေဒန်ဟက်ခ်နေးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် မစ်ဒယ်ဘရော့အသင်းထံမှ ဟေဒန်ဟက်ခ်နေးအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

**(NGB)**

## ဆမ်မြူရယ်အက်ဆန်ဒီကို ယန်းဘွိုင်းအသင်းခေါ်ယူ

**လန်ဒန် ဖေဖော်ဝါရီ ၁၈**

ယန်းဘွိုင်းအသင်းသည် အော့စ်ဘတ်အသင်းတိုက်စစ်မှူး ဆမ်မြူရယ်အက်ဆန်ဒီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄ ဒသမ ၁သန်းဖြင့် ၂၀၂၉ ခုနှစ် အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ တိုက်စစ်မှူးသည် အော့စ်ဘတ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၉ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယန်းဘွိုင်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက်(၂၈)နှစ်အရွယ်ရှိ ဆမ်မြူရယ်အက်ဆန်ဒီက "ကျွန်တော် ယန်းဘွိုင်းအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင်လည်း အစွမ်းကုန်ပေးဆပ်ကြိုးစားကစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**

## ဟယ်ရီဝီလ်ဆင် ဖူလ်ဟမ်အသင်းတွင် ဆက်ရှိသွားမည်



**လန်ဒန် ဖေဖော်ဝါရီ ၁၈**

တောင်ပံကစားသမား ဟယ်ရီဝီလ်ဆင်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဖူလ်ဟမ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဟယ်ရီဝီလ်ဆင်သည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၅ပွဲကစားပြီး ၃၄ဂိုး သွင်းယူထားသည်။

ဖူလ်ဟမ်အသင်း၏ ထုတ်ပြန်ချက်တွင် "ဟယ်ရီဝီလ်ဆင်အား လုံးဝရောင်းချသွားမှာ မဟုတ်ပါဘူး။ သူက အသင်းအတွက် အားထားရတဲ့ ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ရီးရဲလ်မက်ဒရစ်အသင်းက ဘင်ဖီကာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁၈**

၂၀၂၅-၂၀၂၆ ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ပ-အကျော့ ရှုံးထွက်ပြန်ကန်ပွဲစဉ်) အဖြစ် ယနေ့ နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘင်ဖီကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက ဘင်ဖီကာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန်မိနစ် ၅၀ တွင် ဗင်နီစီယပ်စ်က သွင်းယူပေးခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ဒု-အကျော့ ရှုံးထွက်ပြန်ကန်ပွဲစဉ်)အဖြစ် လာမည့် ဖေဖော်ဝါရီ ၂၆ရက်တွင် ဘင်ဖီကာအသင်းကို အိမ်ကွင်းတွင် လက်ခံကစားသွားရမည် ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(ပ-အကျော့ ရှုံးထွက် ပြန်ကန်ပွဲစဉ်များ)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) |
|---|---|---|
| ၂၀-၁-၂၀၂၆ သောကြာနေ့ | နံနက် ၀၀း၁၅နာရီ | ဘရန်း(နော်ဝေ-၃) - ဘိုလော့ညာ(အီတလီ-၈) |
| ။ | ။ | **နိုင်နပိုဂာဂရက်(ခရိုအေးရှား-၁)** - ဂျင့်ခ်(ဘယ်လ်ဂျီယံ-၇) |
| ။ | ။ | ဖီနာဘာချီ(တူကီယဲ-၂) - **နော့တင်ဟမ်(အင်္ဂလန်-၁၇)** |
| ။ | ။ | PAOK (ဂရိ-၃) - ဆဲလ်တာဗီဂို(စပိန်-၇) |
| ၂၀-၁-၂၀၂၆ သောကြာနေ့ | နံနက် ၀၂း၃၀နာရီ | **ဆဲလ်တစ်(စကော့တလန်-၃)** - စတုဂတ်(ဂျာမနီ-၄) |
| ။ | ။ | လိုင်လီ(ပြင်သစ်-၅) - **ပေကင်ဒါ(ဆားဘီးယား-၁)** |
| ။ | ။ | **လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား-၂)** - ဖီရန့်ဘားရို့စ်(ဟန်ဂေရီ-၂) |
| ။ | ။ | ပနာသီနာကို့စ်(ဂရိ-၅) - ပလာဇန်(ချက်-၄) |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၈)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၉-၂-၂၀၂၆ ကြာသပတေးနေ့ | ညနေ ၃း၃၀နာရီ | (၁၇)ဒဂုံ - ရတနာပုံ(၇)<br>(W,L,W,D,W) (D,D,L,L,L) | ဒဂုံ ၁-၁ ရတနာပုံ<br>ရတနာပုံ ၄-၂ ဒဂုံ |
| ၁၉-၂-၂၀၂၆ ကြာသပတေးနေ့ | ညနေ ၄း၀၀နာရီ | (၈)ရှောဝတီ - ရခိုင်(၉)<br>(L,W,L,L,W) (L,W,D,W,D) | ရှောဝတီ ၁-၂ ရခိုင်<br>ရခိုင် ၁-၁ ရှောဝတီ |

# အိုးထိန်းမြေ ဓမ္မစကူးလ်သင်တန်း(၇)နှစ်ပြည့် သင်တန်းဆင်းပွဲ ကျင်းပ



**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အိုးထိန်းမြေဓမ္မစကူးလ် ယဉ်ကျေးလိမ္မာသင်တန်း (၇)နှစ်ပြည့် သင်တန်းဆင်းပွဲကို ယမန်နေ့က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဓမ္မစကူးလ်သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဓမ္မစကူးလ်အဓိဋ္ဌာန်ကို သံပြိုင်ရွတ်ဆိုကြကာ ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှ ငါးပါးသီလနှင့် ဆုံးမဩဝါဒများကို နာယူခဲ့ကြသည်။

ဆက်လက်၍ ရွာသစ်ကုန်းကျေးရွာ အိုးထိန်းမြေဓမ္မစကူးလ် သင်တန်းတာဝန်ခံ ဆရာတော် ဘဒ္ဒန္တတိလောကက ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူ မောင်မယ်များ ယဉ်ကျေးလိမ္မာစေရန် ဓမ္မစကူးလ်သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းမိန့်ကြားကာ ကျောင်းသားမိဘများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရွာသစ်ကုန်း ကျေးရွာဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီးနှင့် တာဝန်ရှိသူများက အိုးထိန်းမြေ ဓမ္မစကူးလ်သင်တန်း ကျောင်းသား၊ ကျောင်းသူများကို အတန်းလိုက် ဗုဒ္ဓဝင်ဉာဏ်စမ်းပဟေဠိ အမေး၊ အဖြေပြုလုပ်၍ ဖြေဆိုနိုင်သော ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများက ဓမ္မစကူးလ် နှိုးဆော်တေးကဗျာများကို သီဆိုဖျော်ဖြေကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၄၅)**



# နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြား

**ဟိုပုံး ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၌ ပအိုဝ်းဒေသဦးစီးအဖွဲ့ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တို့ ပူးပေါင်းကျင်းပသည့် နွေရာသီအခြေခံအားကစားသင်တန်းများကို ဖေဖော်ဝါရီ ၁၇ မှ ၂၅ ရက်အထိ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဝင်းခိုင်ဦး ကိုယ်တိုင် ဦးစီး၍ ကျွမ်းကျင်သောအားကစား နည်းပြများဖြင့် လေ့ကျင့်သင်ကြားသွားမည်ဖြစ်သည်။

လေ့ကျင့်သင်ကြားပေးသွားမည့် အားကစားနည်းများမှာ မြန်မာ့သိုင်းအားကစား၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ Fitness Dance၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အစရှိသည့် အားကစားနည်းများကို ဟိုပုံးမြို့ရှိ အထက(၁)၊ အထက(၂)နောင်တောင်းအထက နှင့် ဒုံမေးခိုးကျေးရွာ အထကခွဲ တို့တွင် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

ယခုလို နွေရာသီအခြေခံ အားကစားသင်တန်းများ လေ့ကျင့်သင်ကြားပေးရခြင်းမှာ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ်များ နွေရာသီအားလပ်ချိန်တွင် အကျိုးရှိစွာအသုံးချတတ်စေရန်၊ အားကစားစိတ်ဓာတ် ပိုမိုမြင့်မားလာစေရန်၊ နွေရာသီ အားကစားသင်တန်းမှတစ်ဆင့် နိုင်ငံအတွက် အလားအလာရှိသော ရှက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ နွေရာသီ အားကစားသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အား/ကာ ဦးစီးအရာရှိ ဦးဝင်းခိုင်ဦးထံမှ သိရသည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၅ ရက်အထိ ဖြစ်ပြီး မြို့နယ်အတွင်းရှိ အားကစားဝါသနာပါသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၉၀ ဦးကို လေ့ကျင့်သင်ကြားလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**

*-*-*-*

*-*-*-*- *-*

# လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြို တင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ သန္တေတပ်ဖွဲ့ဝင် ငါးဦးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်နှင့် ဝန်ထမ်းများအား မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်တာဝန်ကြီး(၄)ရပ်၊ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးသတ်ဆေးဘူး၏ အချက်အလက်များနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နည်းကို ဇာတ်တိုက်လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**နောင်နောင်(မိသနိုးမြေ)**



# နွေရာသီအခြေခံ အားကစားနည်းခြောက်မျိုး အခမဲ့လေ့ကျင့်သင်ကြားပေးမည်

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်တွင် ခရိုင်နှင့်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက် အခြေခံအားကစားနည်း ခြောက်မျိုးအား အခမဲ့လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

"ကျွန်မတို့ဌာနအနေနဲ့ နွေရာသီကျောင်းပိတ်ရက်မှာ လူငယ်တွေ ကျန်းမာပျော်ရွှင်စေဖို့ ခရိုင်၊ မြို့နယ်အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ မျိုးဆက်သစ်နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားတွေ ပေါ်ထွန်းလာစေဖို့အတွက် ရည်ရွယ်ပြီး အားကစားနည်းခြောက်မျိုးကို အခမဲ့လေ့ကျင့်သင်ကြားပေးသွားမှာပါ" ဟု ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ခံ ဒေါ်ငွေဆွေတာရာက ပြောသည်။

အားကစားနည်းများ အနေဖြင့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ တင်းနစ်၊ ဖူဆယ်၊ ဘီလီယက်စနူကာ အစရှိသည့် အားကစားနည်းများကို နည်းပြဆရာများက စနစ်တကျသင်ကြားပေးမည်ဖြစ်ပြီး မတ် ၂၀ရက်မှ ဧပြီ ၄ ရက်အထိ လေ့ကျင့်သင်ကြားသွားမည်ဖြစ်ကာ သင်ကြားလိုသူများအနေဖြင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးသို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

*-*-*-*- *-*



# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) လုပ်ငန်းများစစ်ဆေး

**သရက် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဖြူကျေးရွာအုပ်စု၊ မုဆိုးရင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းနှင့် တာဝန်ရှိသူများက မုဆိုးရင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ တို့ကို စစ်ဆေးသည်။

ထို့နောက် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးသည် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့ လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မုဆိုးရင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် CP ဝက်မွေးမြူရေးနှင့် ဒေသနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့အတွက် ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဆက်လှ**

*-*-*-*- *-*

## ရွှေစာရံဘုရားပွဲတော်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်



**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၈**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာရှိ သမိုင်းဝင်ရွှေစာရံဘုရားပွဲတော် ကျင်းပနေစဉ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့် ဦးဆောင်၍ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက သနွှေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရွှေစာရံဘုရားနှင့် ဈေးတန်းများအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ရွှေစာရံဘုရားပတ်ဝန်းကျင်ရှိ လူနေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၉၅)**



## ကျေးရွာအုပ်စု(၁၁)အုပ်စု၌ နှမ်းစပါး ၂၄၄၇ ဧက စိုက်ပျိုးသွားမည်

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံစုံလျာထား စိုက်ပျိုးရာ၌ မင်းရဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအောက်ရှိ ကျေးရွာအုပ်စု(၁၁)အုပ်စု၌ နွေစပါး ၂၄၄၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။

ထိုသို့ လျာထားစိုက်ပျိုးရာတွင် တောင်နောက်ကျေးရွာအုပ်စု၌ ဧက ၁၄၀၊ သင်တောင်းကျေးရွာအုပ်စု၌ ၄၃၇ ဧက၊ အင်တိုင်းကျေးရွာအုပ်စု၌ ၃၇၈ ဧက၊ ကြက်မင်းတွန်ရပ်ကွက်ကျေးအုပ်စု၌ ၁၀ ဧက၊ ဖောင်ရွာ ရပ်ကွက်ကျေးရွာအုပ်စု၌ တစ်ဧက၊ ပတ္တာကျေးရွာအုပ်စု၌ ၆၅၁ ဧက၊ ပင်တလည်ကျေးရွာအုပ်စု၌ ၅၇၃ ဧက၊ ပြည်ပန်းကျေးရွာအုပ်စု၌ ၁၈၅ ဧက၊ မြင်းကဘက်ကျေးရွာအုပ်စု၌ ဧက ၄၀၊ မုန့်ပေါင်းကျေးရွာအုပ်စု၌ ဧက ၂၀၊ လက်ပံဇင်ကျေးရွာအုပ်စု၌ ၁၂ ဧက စုစုပေါင်း ၂၄၄၇ ဧက စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေစပါးသီးနှံများ ပြည့်ဝကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စပါးပျိုးထောင်ရေများကို ရေပေးဝေရေးမြောင်းများအလိုက် အလှည့်ကျစတင်ပေးဝေလျက်ရှိ ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၅)**

*-*-*-*-*-*

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် Online စနစ်ဖြင့် သင်ကြားနိုင်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်


**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မကွေးတက္ကသိုလ်မှ ဆရာ၊ ဆရာမ၊ နည်းပြများက သင်ကြားပို့ချသွားမည်ဖြစ်ရာ တောင်တွင်းကြီးမြို့နယ်၌ Online စနစ်ဖြင့် သင်ကြားနိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီမှ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းမှ စတင်၍ ကြိုတင်ပြင်ဆင်မှုများအနေဖြင့် စက်များအား ကြိုတင်၍စမ်းသပ်အသုံးပြုခြင်း၊ အခမ်းအနားပြင်ဆင်ခြင်း၊ Internet လိုင်းများ မရရှိသဖြင့် Top Net Wifi စက်များ တပ်ဆင်ခြင်း၊ စာသင်သား ကျောင်းသား၊ ကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပြင်ဆင်ထားရှိခြင်း၊ အသံပိုင်းဆိုင်ရာစက်များ ကောင်းမွန်ရေး၊ အရန်မီးစက်၊ ရေ၊ မီး၊ မိလ္လာများ အဆင်ပြေစေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**(ယာပုံ)**

တောင်တွင်းကြီးမြို့နယ်အနေဖြင့် ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး Online စနစ်ဖြင့် သင်ကြားပို့ချရာတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ဆရာ၊ ဆရာမ ၅၆ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၇၄ ဦး၊ မြို့နယ်ပညာရေးမှူးရုံးအပေါ်ထပ် အစည်းအဝေးခန်းမ၌ ဆရာ၊ ဆရာမ ၄၄ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၄၀ ဦး၊ ရန်ပယ်အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ဆရာ၊ ဆရာမ ၂၂ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး၊ စုစုပေါင်း ဆရာ၊ ဆရာမ ၁၂၂ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၆၄ ဦးတို့အား နေရာ သုံးခုတွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက် တိုင်တိုင် သင်ကြားပို့ချခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ပိဿနိုးမြေ)**



## ရွှေပလားမျိုးကြက်သွန်နီများ အထွက်နှုန်းကောင်းမွန်ပြီး ဈေးနှုန်းတည်ငြိမ်လျက်ရှိ

**မြစ်သား ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ကြက်သွန်နီပွဲရုံများ၌ ဒေသခံတောင်သူများ စိုက်ပျိုးရောင်းချသည့် ကြက်သွန်နီကုန်များ အဝင်များလျက်ရှိပြီး ဈေးနှုန်းမှာလည်း တည်ငြိမ်မှုရှိကြောင်း ကြက်သွန်ပွဲရုံများမှ သိရသည်။

**(အောက်ပုံ)**

မြစ်သားမြို့နယ်ဒေသခံတောင်သူများအနေဖြင့် ကြက်သွန်နီများကို မိသားစုဝင်ငွေအဖြစ် အဓိကထားစိုက်ပျိုးလျက်ရှိပြီး ထွက်ရှိသော ကြက်သွန်နီများကို မြစ်သားမြို့ပေါ်ရှိ ကြက်သွန်ပွဲရုံများတွင် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကြက်သွန်နီအကြီးဆိုဒ် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၊ အလတ်ဆိုဒ် တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ ဖြစ်ပြီး အသေးဆိုဒ် တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ဖြစ်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

မြစ်သားမြို့ပေါ်ရှိ ကြက်သွန်ပွဲရုံများအနေဖြင့် ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကြက်သွန်ပွဲရုံများသို့ နေ့စဉ်ဈေးနှုန်းအလိုက် ရောင်းဝယ်နေကြပြီး လက်ရှိကြက်သွန်နီ ဈေးနှုန်းမှာအမြင့်ဆုံးဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ရရှိနေသည်။ မြစ်သားမြို့ထွက်ကြက်သွန်နီများကို ပြည်တွင်းရှိ မြို့နယ်များအပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိရာ နေ့စဉ်တင်ပို့ရောင်းချနေရကြောင်း၊ ယနေ့အချိန်ထိ ကြက်သွန်ဈေး တည်ငြိမ်လျက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ဒေသခံတောင်သူများနှင့်ကြက်သွန်နီ A1 ပွဲရုံမန်နေဂျာတစ်ဦးထံမှ သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## ကျေးရွာချင်းဆက်၊ ကုန်ထုတ်လမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများပြီးစီး

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာချင်းဆက်၊ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့်လမ်း၊ တံတားလုပ်ငန်းများမှာ မင်းကုန်းကျေးရွာကုန်ထုတ်လမ်း အရှည် ၀/၇ ဒသမ ၄၅ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ၊ တင်ကုတ်ကြီးကျေးရွာ ကုန်ထုတ်လမ်းအရှည် ၂ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ၊ မြကန်သာကျေးရွာချင်းဆက်လမ်း အရှည် ၁/၄ ဒသမ ၄၃ မိုင်၊ အကျယ် ၁၂ ပေ၊ထု ၉ လက်မ၊ ကံရိုးကျေးရွာတွင်း လမ်းအရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ဂျင်းကျောက်ခင်းခြင်း၊ မှော်တော်ကျေးရွာတွင်းလမ်း အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ဂျင်းကျောက်ခင်းခြင်း၊ ငါးရံ့တိုင်းကျေးရွာတွင်း လမ်းအရှည် ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ဂျင်းကျောက်ခင်းခြင်း၊ နတ်အင်းကျေးရွာတွင်းလမ်း အရှည် ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မဂျင်းကျောက်ခင်းခြင်းနှင့် ညောင်ပင်ကြီးကျေးရွာ ကုန်ထုတ်တံတား( ၆×၁၈×၅ ဒသမ ၉) ပေတို့ ဖြစ်သည်။

လက်ရှိတွင် အဆိုပါကျေးရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ၊ တံတားတည်ဆောက်ခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

*-*-*-*-*-*



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## နာနတ်ရွက်

နာနတ်ရွက် တစ်ရွက်ကို ထုထောင်း၍ သတ္တုရည် ထမင်းစားဇွန်း တစ်ဇွန်းကို သကြားထည့်ပြီး သောက်ပေးပါက ကြို့ထိုးခြင်းကို ပျောက်ကင်းစေပါတယ်။

အမျိုးသမီးများ မီးယပ်သွေးချုပ်ခြင်း၊ မီးယပ်ငုပ်ခြင်းကို ဖယ်ရှားပေးကာ မီးယပ်သွေးကို မှန်ကန်စေပါတယ်။

ကလေးများအတွက် အရွက်သတ္တုရည် လက်ဖက်ရည်ဇွန်း နှစ်ဇွန်းလောက် တိုက်ပေးပါက ဝမ်းတွင်းက သန်ကောင်များကို သေစေပါတယ်။

ဦးခေါင်းမှ သန်း၊ ဗောက်၊ အနာများကို ခေါင်းလျှော်ရည်ထဲ နာနတ်ရွက်သတ္တုရည်ရောစပ်ပြီး လျှော်ပေးပါက ပျောက်ကင်းစေပါတယ်။

ဇက်ကြောတက်သူတွေ၊ အညောင်းအညာသမားတွေ ညအိပ်ရာဝင်ချိန်တွင် နာနတ်ရွက်ကို ထုချေကာ ဆားနဲ့ရောပြီး ခြေထောက်ကို ပွတ်ပေး၍ ရေလောင်းပါ။ အပူတွေထွက်ပြီး သက်သာပျောက်ကင်းစေပါတယ်။



## လက်ပံပွင့်

လက်ပံပွင့်ကို တစ်ညလုံး ရေတွင်စိမ်ထားပြီး နံနက်တွင် အဖတ်များစစ်ယူကာ မုန့်ညင်းစေ့အနည်းငယ်ထည့်၍ သောက်ပေးပါက အဆုတ်ရောင်ရမ်းခြင်းနဲ့ အဆုတ်အအေးမိခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

ဆီးရဲ့အနံ့နဲ့ အရောင်အဆင်းတို့ဟာ အရက်အနံ့အဆင်းကဲ့သို့ ကြိမ်ဖန်များစွာသွားသောရောဂါဖြစ်ပါက လက်ပံခေါက်ကိုပြုတ်၍ သောက်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။

သစ်နနွင်းကိုသွေး၍ လက်ပံအစေးနဲ့သောက်ပေးပါက မီးယပ်သွေးလွန်နာပျောက်ကင်းစေပါတယ်။ **(တစ်နည်း)**လက်ပံခေါက်အမှုန့်ကို နွားနို့နဲ့သောက်ပါ။ သို့မဟုတ် လက်ပံပွင့်ကို အမှုန့်ပြုလုပ်၍ နွားနို့၊ သကြားတို့နဲ့ ရောသောက်ပေးပါ။

လက်ပံစေ့ ငါးစေ့၊ ခြောက်စေ့ကို ထန်းလျက်အနည်းငယ်ရော၍ မဝါးဘဲ မျိုချပေးပါက ကျောက်ပေါက်ခြင်းပြင်းထန်သော်လည်း ကျောက်များ တစ်နေ့တခြား နည်းပါးသွားပါလိမ့်မယ်။ တစ်ကြိမ်တည်းဖြင့် လက်ပံစေ့ကို မမျိုပါနဲ့။ ကျောက်ကြီးများကိုလည်း ပျောက်ကင်းစေပါတယ်။

လက်ပံအစေးကို ၁ပဲသား၊ ၂ပဲသားအထိ သကြားခဲထည့်၍သောက်ပေးပါက ရေငတ်ဝမ်းကျရောဂါပျောက်ကင်းစေပါတယ်။

သွေးအန်၊ သွေးကျရောဂါဖြစ်ပါက လက်ပံပွင့်အမှုန့်နဲ့ ပျားရည်ရော၍ လျက်ပေးပါက ပျောက်ကင်းစေပါတယ်။

လက်ပံမြစ်ဥနုနုကို နေရိပ်တွင် အခြောက်လှန်း၍ အမှုန့်ပြုလုပ်ပါ။ ၄င်းဆေးမှုန့် ၆ ပဲသားကို သကြားနဲ့ရော၍ စားပေးပါက ပန်းသေ၊ ပန်းညှိုးရောဂါပျောက်ကင်းစေပါတယ်။

လက်ပံစေ့ ၆ပဲသား၊ သကြား ၃ကျပ်သား၊ နွားနို့ ၅ကျပ်သားတို့ကို ရော၍သောက်ပေးပါက သုက်ဓာတ်အားကို ပွားများစေပါတယ်။

ကိုယ်လက်အင်္ဂါ အားနည်းခြင်း၊ လှုပ်ရှားခြင်းတို့ သွက်လက်ခြင်းမရှိဘဲ အားအင်ချိနဲ့နေပါက လက်ပံပင်နုနု၏ အမြစ်အခေါက်ကို အမှုန့်ပြုလုပ်၍ ပျားရည်၊ သကြားခဲတို့ဖြင့် သောက်ပေးပါက ပျောက်ကင်းစေပါတယ်။

လက်ပံပင်၏ အမြစ်မှုန့်ကို သကြားခဲနဲ့ရော၍ နွားနို့ပူပူနှင့် သောက်ပေးပါက ဆီးအောင့်ရောဂါပျောက်ကင်းစေပါတယ်။

မီးလောင်သော နေရာသို့ လက်ပံမှို့သီးကို သွေး၍လိမ်းပေး၊ ကပ်ပေးပါက အပူသက်သာ၍ အနာကိုလည်း အမြန်ကျက်စေပါတယ်။

အစာမကြေခြင်း၊ အတိသာရဝမ်းသွားခြင်းဖြစ်ပါက လက်ပံစေး ၃၊ ၄ ပဲသားကို အမှုန့်ပြုလုပ်၍ သကြားခဲနဲ့ ရော၍ သောက်ပေးပါက ပျောက်ကင်းစေပါတယ်။

ဆီးနဲ့သုက်ဓာတ် ရောနှောပါလာခြင်းဖြစ်ပါက လက်ပံအခေါက်ကို နွားနို့နဲ့သွေး၍ ဇီယာအမှုန့်အနည်းငယ်ထည့်ပြီး သကြားခဲနဲ့ရော၍ သောက်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။

သွေးမြင်းသရိုက်၊ ဝမ်းကိုက်ဖြစ်ပါက လက်ပံပွင့်၏ အိုးဖတ်ကို ညဦးပိုင်းက ရေစိမ်ထားပါ။ နံနက်တွင် ရေကိုစစ်၍ သောက်ပေးပါက ပျောက်ကင်းစေပါတယ်။

လက်ပံပွင့်၊ သလဲသီးအခွံ၊ ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး ၄င်းတို့ကို ရောကြိတ်၍ လိမ်းပေးပါက ခရသင်းပျောက်ကင်းစေပါတယ်။



## ဩဇာသီး

ဩဇာသီးမှာ သုံးမျိုးရှိပါတယ်။ ရိုးရိုးဩဇာ၊ ပိန္နဲဩဇာနဲ့ ဒူးရင်းဩဇာတို့ ဖြစ်ကြပါတယ်။

Annonaeous Acetogenin ဓာတုပစ္စည်းတစ်မျိုးကို ဒူးရင်းဩဇာရဲ့ အရွက်၊ အစေ့နဲ့ ရိုးတံတွေမှာ တွေ့ရပြီး ဒူးရင်းဩဇာက ကင်ဆာရောဂါအတွက် ဆေးဖက်ဝင်ပြီး ရှားပါးကာ တန်ဖိုးလည်းမြင့်ပါတယ်။

ဩဇာသီးဟာ အရသာရှိတဲ့အပြင် ကျန်းမာရေးကောင်းမွန်စေတဲ့ အာဟာရဓာတ်များစွာ ပါဝင်နေပါတယ်။

အသီးသာမက အရွက်၊ အစေ့၊ ပင်စည်၊ အမြစ်တစ်ပင်လုံး ဆေးဖက်ဝင်ပါတယ်။

အင်တီအောက်ဆီးဒင့် အများအပြားပါဝင်တဲ့အတွက် ကူးစက်ရောဂါတွေကိုလည်း တားဆီးပေးနိုင်ပါတယ်။ ဩဇာသီးမှာပါတဲ့ ဗီတာမင်ဘီက ဦးနှောက်ကို ဖွံ့ဖြိုးစေတဲ့ Neutron ဓာတ်ပစ္စည်းများကို လိုအပ်သလို ထိန်းညှိပေးတဲ့အတွက် စိတ်ဖိစီးမှုတွေ၊ စိတ်အားငယ်၊ စိတ်ဓာတ်ကျတာတွေကို လျော့ပါးစေနိုင်ပါတယ်။

နှလုံးရောဂါနဲ့ ဆက်စပ်နေတဲ့ လေဖြတ်ခြင်းနဲ့ သွေးတိုးခြင်းတို့ကိုလည်း ကာကွယ်ပေးပါတယ်။

အမျှင်ဓာတ်လုံလောက်စွာ ပါဝင်လို့ အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။ လေနာရောဂါများကိုလည်း ပျောက်ကင်းစေပါတယ်။

မဂ္ဂနီစီယမ် ကြွယ်ဝစွာ ပါဝင်လို့ အဆစ်အမြစ်ရောင်ရောဂါကို သက်သာစေပါတယ်။

ကင်ဆာကို တိုက်ဖျက်နိုင်စွမ်းရှိတဲ့ Acetogenin နဲ့ Alkaloids များ ပါဝင်နေပါတယ်။

ဒူးရင်းဩဇာကတော့ ကင်ဆာဆဲလ်ကိုသာ ရွေးချယ်သတ်ပေးတဲ့အပြင် ကင်ဆာအကျိတ်များကိုပါ ကောင်းစွာ နှိမ်နင်းပေးနိုင်စွမ်းရှိပါတယ်။

ပိုတက်စီယမ်နဲ့ ဆိုဒီယမ်ပါဝင်မှု အချိုးအဆမှန်ကန်လို့ သွေးဖိအားမှန်ကန်စွာ လည်ပတ်နိုင်မှုကို အကူအညီပေးပါတယ်။

ဩဇာပင်အခေါက်က ဝမ်းလျှောတာ၊ ဝမ်းပျက်တာ မဖြစ်အောင် ထိန်းပေးနိုင်ပါတယ်။

အလွန်အကျွံစားရင် သွေးဖိအားကျတာမျိုး၊ လှုပ်ရှားမှုမမှန်ကန်တဲ့ ပါကင်ဆန်ရောဂါမျိုး ဖြစ်စေနိုင်တဲ့အတွက် သင့်တင့်မျှတစွာ စားသုံးသင့်ပါတယ်။



## သီဟိုဠ်စေ့

သီဟိုဠ်စေ့က နှလုံးကျန်းမာရေး၊ အာရုံကြောကျန်းမာရေး၊ ကြွက်သားလုပ်ဆောင်ချက်တွေကို ကောင်းမွန်စေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်းစတဲ့ ကျန်းမာရေးအကျိုးကျေးဇူးများရရှိတဲ့အပြင် အရိုး၊ သွားများ၊ ကြွက်သား၊ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ ကျန်းမာရေးအတွက်အရေးပါတဲ့ မဂ္ဂနီစီယမ်လည်း ပါဝင်ပါတယ်။

စွမ်းအားထုတ်လုပ်နိုင်မှု၊ ဦးနှောက်ဖွံ့ဖြိုးမှုနဲ့ ခန္ဓာကိုယ်ခုခံမှုစနစ် အားကောင်းစေမှု စသည်တို့အတွက် မရှိမဖြစ်လိုအပ်တဲ့ ကော့ပါးဓာတ်ကလည်း သီဟိုဠ်စေ့မှာ ပါဝင်နေပါတယ်။

အရိုးကျန်းမာရေးအတွက် အရေးကြီးတဲ့ မဂ္ဂနီစီယမ်နဲ့ မဂ္ဂနိစ်တို့လည်း ပါဝင်ပါတယ်။ Antioxidants: Carotenoids နဲ့ Polyphenols တို့ ကြွယ်ဝစွာ ပါဝင်နေသောကြောင့် ရောင်ရမ်းခြင်းကို လျော့စေတဲ့အပြင် ရောဂါများကိုလည်း ကာကွယ်ပေးပါတယ်။ သီဟိုဠ်စေ့ကို စားပေးရင် နှလုံးရောဂါခံစားနေရမှုကို သက်သာစေပါတယ်။

သွေးဖိအားနဲ့ ကိုလက်စထရော လျော့နည်းစေခြင်း၊ ပိုတက်စီယမ်၊ ဗီတာမင်အီး၊ ဘီတာမင် B6၊ ဖောလစ်အက်စစ်တို့ပါဝင်နေခြင်းကလည်း နှလုံးရောဂါကို တိုက်ဖျက်ပေးပါတယ်။

အမြင်အာရုံကို ကြည်လင်စေပြီး ဆံပင်နဲ့ အသားအရေကောင်းစေကာ အာရုံကြောများ ကျန်းမာစေခြင်း၊ ကင်ဆာရောဂါကို ကာကွယ်ပေးခြင်းစတဲ့ အကျိုးပြုချက်များလည်း ရှိပါတယ်။

သီဟိုဠ်စေ့မှာ အမိုင်နိုအက်စစ်၊ Tyramine၊ Phenylethylamine တို့ ပါဝင်တဲ့အတွက် ခန္ဓာကိုယ်အတွင်း သွေးဖိအားကို ပုံမှန်ဖြစ်စေရန် ထိန်းပေးနိုင်ပါတယ်။

ဆီးချိုရောဂါနဲ့ သွေးအားနည်းခြင်းတို့ကိုလည်း သက်သာလျော့နည်းစေနိုင်ပါတယ်။ အင်ဆူလင် လုပ်ဆောင်မှုကို ထိန်းညှိပေးပြီး သွေးတွင်းသကြားဓာတ်ကို မှန်ကန်စေပါတယ်။ သကြားဓာတ်နဲ့ မကောင်းတဲ့ ကိုလက်စထရော ပါဝင်မှုနည်းပါးလို့ ဆီးချိုရောဂါဖြစ်လာနိုင်မှု နည်းစေပါတယ်။

Antioxidant, Anacardic Acid, Cardanols, Cardols များ ပါဝင်သောကြောင့် အကျိတ်နဲ့ ကင်ဆာရောဂါကုသရာမှာ ထိရောက်မှုရှိပါတယ်။

ကော့ပါးကြွယ်ဝလို့ အရိုးနဲ့ ကိုယ်ခံအားစနစ်ကို ကောင်းစေပါတယ်။ ဦးနှောက်ကျန်းမာရေးနဲ့ ဦးနှောက်ရဲ့ လုပ်ငန်းတာဝန်များကို တိုးတက်စေရန် ပံ့ပိုးပေးပါတယ်။ ဦးနှောက်ဖွံ့ဖြိုးမှုအတွက်နဲ့ သွေးခဲပိတ်ဆို့မှုကို တားဆီးပေးနိုင်တဲ့ အဆီ၊ အက်စစ်များ ပါဝင်ပါတယ်။

သီဟိုဠ်စေ့ဟာ ကျန်းမာရေးအတွက် ကောင်းကျိုးရှိပေမယ့် များများစားရင် သွေးတွင်း ကိုလက်စထရောကို တက်စေလို့ မသင့်တော်ပါ။



## မရမ်းသီး

မရမ်းသီးမှာ အချဉ်မျိုး၊ အချိုမျိုးဟူ၍ ရှိသော်လည်း ချဉ်သောအရသာမှာ ပို၍ထင်ရှားပါတယ်။ မရမ်းသီးစားသုံးခြင်းဖြင့် အသားအရေစိုပြည်ခြင်း၊ ချွေးထွက်ခြင်းနှင့် အရေပြားရောဂါများကို သက်သာပျောက်ကင်းစေခြင်း၊ သွားများကို သန်မာစေခြင်း၊ သွားနှင့်သွားဖုံးများကို ကြံ့ခိုင်စေခြင်းနဲ့ အိုမင်းရင့်ရော်ခြင်းတို့ကို ကာကွယ်ပေးပါတယ်။

ခြေသလုံးတောင့်တင်းခြင်း၊ ပေါင်တောင့်တင်းခြင်း၊ နောက်ကြောတက်၊ ဇက်ကြောတက်ခြင်းဖြစ်ပါက မရမ်းသီးစိမ်းကို ငရုတ်သီးသင့်ရုံထည့်၍ သုပ်စားပေးပါက ပျောက်ကင်းပါတယ်။

မျက်စိမှုန်ဝေ၊ မျက်ရည်ယို၊ ခေါင်းအုံခြင်းတို့ဖြစ်ပါက မရမ်းသီးကို ယိုထိုးစားပေးပါ။ ဝမ်းချုပ်နေရင် ကန်စွန်းရွက်နဲ့ မရမ်းသီးစိမ်း ချဉ်ရည်ဟင်းသောက်ပေးပါ။ အစာမစားချင်၊ အစာမကြေရင်ပြည့်ရင်ကယ်၊ ပျို့အန်ပါက ကြော်ချက်အဖြစ်ချက်စားပေးပါ။ အဖျားတငွေ့ငွေ့ရှိခြင်း၊ ကိုယ်လက်လေးလံခြင်းဖြစ်ပါက ငရုတ်သီးစပ်စပ်နဲ့ သုပ်စားပေးပါ။ မရမ်းသီးခြောက်ကို သကြားနဲ့ ယိုထိုးခြင်း၊ မရမ်းသီးစိမ်းကို ကြက်သွန်နီနိုင်နိုင်ထည့်၍ ကြော်ချက်စားပေးပါက မျက်စိမှုန်ခြင်း၊ မျက်စိအားနည်းခြင်းကို ကာကွယ်နိုင်ပါတယ်။

ခြေဖနောင့်ကွဲခြင်း၊ ခြေဆီလက်ဆီထွက်လွန်းခြင်း၊ အသားအရေခြောက်သွေ့ခြင်းဖြစ်ပါက မရမ်းသီးငါးပိချက်ကို ချဉ်ချဉ်ကလေးချက်စားပေးပါက ပျောက်ကင်းပါတယ်။ သွားနဲ့သွားဖုံးရောဂါများ၊ ရေစီးကမ်းပြိုရောဂါနဲ့ ခံတွင်းရောဂါများအတွက် မရမ်းသီးအစိမ်းကို တို့စားခြင်း၊ သုပ်စားခြင်း၊ ကြော်ချက်ချက်စားခြင်းနဲ့ ယိုထိုး၍စားပေးခြင်းဖြင့် ပျောက်ကင်းစေပါတယ်။

**"အာရောဂျ ပရမံ လာဘံ"**

ကိုးကား – **Tik Tok**

# မုံရွာမြို့တွင် တည်ဆောက်လျက်ရှိသည့် မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာတွင် လုပ်ငန်းရှင် ၄၁ ဦးကို နေရာချထားပေးသွားမည်

**မုံရွာ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဘုန်းစိုးရပ်၊ ကျောက်ကာလမ်းဘေးတွင် ယခင်ကမရှိသေးသည့် မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာကို တည်ဆောက်လျက်ရှိရာ လုပ်ငန်းရှင် ၄၁ ဦးကို နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပင်မအဆောက်အအုံ လေးခုပါရှိပြီး ဆိုင်ခန်း ၄၁ ခန်း ပါရှိပါတယ်။ ဆိုင်ခန်းငှားရမ်း အသုံးပြုဖို့ လာရောက်လျှောက်ထားသူ ၇၁ ဦး ရှိပါတယ်။ အဲဒီအထဲကမှ အမှန်တကယ်ဆိုင်ခန်းဖွင့်လှစ်မယ့် ၄၁ ဦးကို စိစစ်ရွေးချယ်ဖွင့်လှစ်စေမှာဖြစ်ပါတယ်။ နေရာချထားရေးအဖွဲ့မှာ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခေါင်းဆောင်တဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ စတဲ့ အဖွဲ့ဝင်ကိုးဦးကို စနစ်တကျဖွဲ့စည်းကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကို တင်ပြပြီး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်မယ့်သူတွေကို ရွေးချယ် နေရာချထားတာ ဖြစ်ပါတယ်။ လစဉ် ငှားရမ်းခနဲ့ ငှားရမ်းလုပ်ဆောင်လို့ ရအောင်စီစဉ်ထားပါတယ်"ဟု မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ပြောသည်။

မုံရွာမြို့တွင် ကား၊ ဆိုင်ကယ်နှင့် ယာဉ်မျိုးစုံဆက်စပ်ပစ္စည်းများ ရောင်းဝယ်နိုင်မည့်မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာကို တည်ဆောက်ပေးလျက်ရှိရာ ပင်မအဆောက်အအုံ လေးခုပါရှိကာ ဆိုင်ခန်း ၄၁ ခန်း ပါဝင်သည်။

မုံရွာမြို့တွင် ကား၊ ဆိုင်ကယ်နဲ့ ယာဉ်မျိုးစုံဆက်စပ်ပစ္စည်းများ ရောင်းဝယ်နိုင်မည့် မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာကို မုံရွာမြို့၊ ဘုန်းစိုးရပ်၊ ကျောက်ကာလမ်းဘေးမှာရှိသည့် မြေအကျယ် ၃ ဒသမ ၉ ဧက ပေါ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

"စင်တာနေရာဟာ အရင်က ချုံနွယ်ပိတ်ပေါင်းတွေနဲ့ အမြင်မသင့်တော်ခဲ့ဘူး။ မီးဘေးအန္တရာယ်လည်းစိုးရိမ်ရတယ်။ ဒါကြောင့် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ စည်ပင်သာယာရေးဥပဒေ ၁၅-က၊ ပုဒ်မခွဲ ၃၆ အရ တိုင်းဒေသကြီးအစိုးရကိုတင်ပြပြီး မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာကို ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မော်တော်ကားနဲ့ပတ်သက်တဲ့ ပစ္စည်းစုံရောင်းဝယ်မယ့်နေရာဖြစ်ပါတယ်။ ပြုပြင်ထိန်းသိမ်းတဲ့ဌာနတွေလည်း ပါဝင်ပါမယ်။ ရေဆေးရုံလည်း ပါပါမယ်။ မော်တော်ဆိုင်ကယ်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေရောင်းဝယ်ဖို့လည်း ပါဝင်ပါတယ်။ မော်တော်ဆိုင်ကယ်အရောင်းဆိုင်လည်း ပါမှာဖြစ်ပါတယ်။ စားသောက်ဆိုင်တန်းလည်းပါဝင်မှာပါ။ အလှပြင်ဆိုင်၊ ဆံသဆိုင်တွေပါ ထည့်သွင်းထားပါတယ်။ စတိုးဆိုင်တွေ၊ တီရှပ်အစားဆိုင်တွေကိုပါ ထားသွားမှာပါ"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ယခုစင်တာတည်ဆောက်ပေးခြင်းသည် မုံရွာမြို့ထဲတွင် တကွဲတပြားဖြင့် ကား၊ ဆိုင်ကယ်များရောင်းဝယ်နေရာမှ တစ်နေရာတည်း ကျယ်ကျယ်ဝန်းဝန်း စနစ်တကျဖြင့် ရောင်းဝယ်နိုင်ခွင့်ရှိသလို ကား၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ ရေဆေးခြင်း စသဖြင့် အစစအရာရာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိကြမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၉၄)



# တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ကို၊ အ·ထ·က(မိုင်းယောင်း)၊ အ·ထ·က(မိုင်းယု)မှ ကျောင်းအုပ်ဆရာမကြီးနှင့် တက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုတို့က တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၅)

o-o-o-o-o-o-o

o-o-o-o-o-o




# သောက်သုံးရေ ပြုလုံစေရန် ရေသယ်ယာဉ်ဖြင့် နေ့စဉ် ရေလှူဒါန်းပေး

**ညောင်ဦး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာသို့ သွားရောက်၍ သောက်သုံးရေလိုအပ်နေသော ဒေသခံပြည်သူများကို သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းရာတွင် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ရွှေလှိုင်းကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀ အား ပွင့်လင်းရာသီကာလ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျဖြန့်ဝေလှူဒါန်းပေးခဲ့သည်။ **(အပေါ်ယာပုံ)**



အလားတူ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ လှူဒါန်းပေးခြင်းကို ယမန်နေ့ကလည်း ညောင်ဦးမြို့နယ်၊ ထနောင်းစုကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများအား ရေဂါလန် ၃၂၀၀ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း၊ အဆိုပါ သောက်သုံးရေများ နေ့စဉ်လှူဒါန်းနိုင်ရန်အတွက် ရပ်ဝေး၊ ရပ်နီးမှ စေတနာအလှူရှင်များက အလှူငွေများ ပါဝင်ကူညီလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)

o-o-o-o-o-o-o

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ပညာတန်ဖိုး

* ပညာသည် လူ့တန်ဖိုး
ဘုန်းတန်ခိုးပြည့်လျှံဝေ ။
လူဘုံအလယ် ရဲရင့်လို့
ပွဲတင့်တယ်ပေ ။

* ပညာဆီမီးအလင်းရောင်တွေ
ထွန်းပြောင်စေရာ သက်လုံး ။
လောကခံကို ဘယ်မမှုတယ်
အန်တုရှင်ပြုံး ။

* ပညာကို တန်ဖိုးထားသုံး
ကြိုးစားကြ မောင်နှင့်မယ် ။
ပညာသည် ဘဝအတွက်
ဂုဏ်တက်စေတယ် ။

* ဇွဲလုံ့လစိုက်ထုတကယ်
ပညာရည် ရအောင်ကြိုးစား ။
ပညာသည်ရတနာအစစ်မို့
ထုစစ်စိုက်ပျိုးထား ။

* ပွားကျင့်ကြံသူတော်ထုံးများ
လက်ကိုင်သုံး ထာဝစဉ် ။
ပညာဂုဏ် တန်ခိုးထွားလို့
ရှိုးသားစွာပင် ။

* ကိုယ့်တန်ဖိုးကိုယ်မြှင့်တင်
လူ့ဘဝတွင် လျှောက်လှမ်းမနေး ။
ရည်မှန်းရာ ပန်းတိုင်အရောက်
လှမ်းလျှောက်စို့လေး ။ ။

**မောင်မောင်လင်းထွင်(နန်းတော်ရှေ့)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၆)၊ ဦးပိုင်အမှတ်(၃၁) မြေကွက်တွင် နေထိုင်သူ ဒေါ်ခင်မြတ်မိုး(ဘ)ဦးတင်မောင်စိန်(၅/ကလတ(နိုင်)၀၀၄၈၄၀)နှင့် ဦးဟိန်းသန့်ဆွေ(ဘ)ဦးမြင့်ဆွေ(၅/ကလတ(နိုင်)၁၂၅၀၁၂)ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်မှာ တသလှသန်း(ဘ)ဦးသိန်းထွန်း တောဂရန်အမှုတွဲအမှတ်(၇၂၇၂/၉၀-၉၁)အရ (၃၁-၅-၁၉၉၁)မှ (၃၀-၅-၂၀၂၁)အထိ နှစ်(၃၀)ရရှိထားသော (ဂရန်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ အလယ်စိပ် (၁၈ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြတ်မိုး(ဘ)ဦးတင်မောင်စိန်(၅/ကလတ(နိုင်)၀၀၄၈၄၀)နှင့် ဦးဟိန်းသန့်ဆွေ(ဘ)ဦးမြင့်ဆွေ(၅/ကလတ(နိုင်)၁၂၅၀၁၂)ကိုင်ဆောင်သူများက စာချုပ်စာတမ်းအဆင့်ဆင့်/ အထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိလက်ရောက် နေထိုင်အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေများမှ အထက်ပါမြေကွက်အား (ဂရန်)သက်တမ်းတိုး၊ အမည်ပြောင်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ရုံးဌာနအသီးသီးတို့တွင် လိုအပ်သောကိစ္စအဝဝတို့ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မြတ်မိုးနှင့် ဦးဟိန်းသန့်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာ၊ အကွက်အမှတ်(၄၉၃/သရက်ကုန်း အရှေ့)၊ ဦးပိုင်အမှတ်(၁၀/၇)၊ ဧရိယာ(၀ ဒသမ ၀၅၇)ဧက အကျယ်အဝန်းရှိ ၁။ ဒေါ်ယဉ်ယဉ်ထွန်း၊ ၂။ ဦးမျိုးမင်းထွေး၊ ၃။ ဒေါ်မိုးသက်သက်ထွေး၊ ၄။ဦးဇော်လင်းထွေးတို့ အမည်ပေါက် တောဂရန်အမျိုးအစား ဂရန်မြေကွက်ဖြစ်ပါသည်။

ဒေါ်ယဉ်ယဉ်ထွန်းသည် ဦးအေးကြူ(ခ)ဦးမောင်မောင်ထွေးနှင့်အိမ်ထောင်ကျပြီး သားသမီး(၃)ဦး ထွန်းကားခဲ့ရာ ၎င်းတို့မှာ- ၁။ ဦးမျိုးမင်းထွေး၊ ၂။ ဒေါ်မိုးသက်သက်ထွေး၊ ၃။ ဦးဇော်လင်းထွေးတို့အား မွေးဖွားခဲ့ပါသည်။ ဒေါ်ယဉ်ယဉ်ထွန်းသည် (၅-၇-၂၀၂၃)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ခင်ပွန်းဖြစ်သူ ဦးအေးကြူ(ခ)ဦးမောင်မောင်ထွေးနှင့် သားသမီးများဖြစ်သည့် ၁။ ဦးမျိုးမင်းထွေး၊ ၂။ ဒေါ်မိုးသက်သက်ထွေး၊ ၃။ဦးဇော်လင်းထွေးတို့ သာလျှင် ကျန်ရစ်ခဲ့ပါသည်။

ထို့နောက် ဦးအေးကြူ(ခ)ဦးမောင်မောင်ထွေးသည် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ (၂၇-၁၂-၂၀၂၃)ရက်တွင် အမွေစားအမွေခံကတ္တိမသားအဖြစ် မွေးစားခြင်းကတိစာချုပ်အမှတ်-(၄၄၅၄/၂၀၂၃)ဖြင့် မြေးဖြစ်သူ ဦးမင်းခန့်ကျော်အား တရားဝင်အမွေစားအမွေခံကတ္တိမသားအဖြစ် မွေးစားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်သည် ကျွန်တော် ဦးမင်းခန့်ကျော်အနေဖြင့် အမွေစားအမွေခံ ကိတ္တိမစာချုပ်အရ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူတစ်ဦးဖြစ်သောကြောင့် ကျွန်တော်သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်း၊ အမွေဆက်ခံစာချုပ် ချုပ်ဆိုခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းနှင့် အခြားနည်းတစ်မျိုးမျိုး ပြုလုပ်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းခန့်ကျော်(ဘ)ဦးဇော်လင်းထွေး(၉/ပသက(နိုင်)၁၄၃၅၃၂)**

**သရက်ကုန်းအရှေ့ရပ်၊ နန်းဦးလွင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၆)၊ ဦးပိုင်အမှတ်(၃၁) မြေကွက်တွင် နေထိုင်သူ ဦးမြင့်(ဘ)ဦးထွန်း(၅/အရတ(နိုင်)၀၃၆၀၁၁)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်မှာ တသလှသန်း(ဘ)ဦးသိန်းထွန်း တောဂရန်အမှုတွဲအမှတ်(၇၂၇၂/၉၀-၉၁)အရ (၃၁-၅-၁၉၉၁)မှ (၃၀-၅-၂၀၂၁)အထိ နှစ်(၃၀)ရရှိထားသော (ဂရန်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ မြောက်ဘက်ခြမ်း ပေ(၂၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်(ဘ)ဦးထွန်း(၅/အရတ(နိုင်)၀၃၆၀၁၁)ကိုင်ဆောင်သူက စာချုပ်စာတမ်းအဆင့်ဆင့်/အထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိလက်ရောက် နေထိုင်အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါမြေကွက်အား (ဂရန်)သက်တမ်းတိုး၊ အမည်ပြောင်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ရုံးဌာနအသီးသီးတို့တွင် လိုအပ်သောကိစ္စအဝဝတို့ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်မေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ၊ အပိုင်း(၂)၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်အမှတ်(၁၃)၊ အခန်းအမှတ်(၂၀၃)၊ ဒုတိယထပ်တိုက်ခန်းသည် ဦးကျော်ကျော်ဦး အမည်ဖြင့် ချထားပေးသော အမည်ပေါက်တိုက်ခန်းဖြစ်ပြီး ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးဉာဏ်လင်းထက်(ဘ)ဦးငြိမ်းမောင်(၉/ညဥန(နိုင်)၁၇၀၁၀၄)နှင့် ဒေါ်နီလာထွေး(ဘ)ဦးရှင်ဌေး(၁၃/တကန(နိုင်)၁၄၅၈၂၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် အမည်ပြောင်းအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နန်းအိရွှေစင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၁၉)၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်တိုက်ခန်းသည် ယခုရောင်းချသူ ဒေါ်ဝါဝင်းမို့မို့၏ အမည်ဖြင့် ချထားပေးသည့် အမည်ပေါက်တိုက်ခန်းဖြစ်ပြီး ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်ဝါဝင်းမို့မို့(ဘ)ဦးတင်ဆွေ(၉/အမဇ(နိုင်)၀၁၉၁၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် အမည်ပြောင်းအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နန်းအိရွှေစင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၄)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမြင့်ခိုင်(ဘ)ဦးအောင်ခင်(၅/ဝလန(နိုင်)၀၀၀၃၃၄) အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝေလင်း(ဘ)ဦးအောင်အေး(၉/မခန(နိုင်)၁၅၈၃၆၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| **ဦးသန်းရွှေ** | **ဦးအောင်ဖြိုးမောင်** | **ဒေါ်နန်းဖြူဖြူအေး** |
| **B.A (Hist), H.G.P** | **LL.B** | **B.Sc.PGDL** |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ(၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမောင်မောင်စိုး(ဘ)ဦးစိန်ဝင်း[MDYSE - ၀၀၈၈၆၉] အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အဲဆာ(ခ)ကြည်ကြည်ဝင်း(ဘ)ဦးလျှော်ကြုံလုံ(၁၃/ကမန(နိုင်)၀၅၇၂၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| **ဦးသန်းရွှေ** | **ဦးအောင်ဖြိုးမောင်** | **ဒေါ်နန်းဖြူဖြူအေး** |
| **B.A (Hist), H.G.P** | **LL.B** | **B.Sc.PGDL** |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## ဒေါ်ခင်သန်းနု(၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်အေး)နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၉၄)ဟု ခေါ်တွင်သည့် ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်သန်းနု အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ ပေ(၃၀ × ၄၀)ရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်သန်းနုထံမှ ကျွန်တော် ဦးအောင်မျိုးသန့်(၉/မရမ(နိုင်)၀၀၆၀၈၇)က (၁၂-၁-၂၀၀၅)ရက်တွင် နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ထိုကတိစာချုပ်အရ ဖော်ပြပါ ဂရန်မြေကွက်အစိတ်အပိုင်းအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန်အတွက် ဒေါ်ခင်သန်းနု(၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်အေး)မှ ဤသတင်းစာကြေညာသည့်ရက်မှ (၇) ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ခင်သန်းနု(၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်အေး)နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ**

**ဦးအောင်မျိုးသန့် (၉/မရမ(နိုင်)၀၀၆၀၈၇)**

**အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၈၃၁၀**

## ဒေါ်ခင်သန်းနု(၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်အေး)နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၉၄)ဟု ခေါ်တွင်သည့် ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်သန်းနု အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ ပေ(၃၀ × ၄၀)ရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်သန်းနုထံမှ ကျွန်တော် ဦးတင်မောင်ဌေး(၅/မကန(နိုင်)၀၂၃၀၀၃)က (၁၂-၁-၂၀၀၅)ရက်တွင် နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ထိုကတိစာချုပ်အရ ဖော်ပြပါ ဂရန်မြေကွက်အစိတ်အပိုင်းအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန်အတွက် ဒေါ်ခင်သန်းနု(၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်အေး)မှ ဤသတင်းစာ ကြေညာသည့်ရက်မှ (၇) ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ခင်သန်းနု(၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်အေး)နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ**

**ဦးတင်မောင်ဌေး (၅/မကန(နိုင်)၀၂၃၀၀၃)**

**အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၈၃၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ကျန်တန်း-တိုးချဲ့(၂)ရပ်၊ ကွင်းအမှတ်(၆၀၀)၊ ဦးပိုင်အမှတ်(D-၅၄)၏ မြောက်ဘက်အစိတ်အပိုင်း၊ အရှေ့အနောက်ပေ(၆၀)၊ တောင်မြောက်ပေ(၂၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဦးထက်ထက်အောင်(၅/ဒပယ(နိုင်) ၀၉၂၄၆၈)က ဝယ်ယူ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသိန်းထိုက်ဦး၊ ဦးဝဏ္ဏကျော်တို့မှ ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်မင်း (B.Sc(Chem;),Dip in Business Law,H.G.P)**
**အထက်တန်းရှေ့နေ(စဉ်–၂၀၀၅၁)**
**လမ်း၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၁)၊ ဦးပိုင်နံပါတ်(၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးမိုဟန် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းလွင်(ဘ)ဦးကျော်သောင်း(၅/ခဥန(နိုင်)၀၇၀၃၆၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ရောင်းကြေးငွေများ အပြေအကြေပေးချေကာ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် ရောင်းချ-ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လိုအပ်သည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၁)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နွယ်နွယ်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ (ရေ+မီး) အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးမျိုးမြတ်ဦး(ဘ)ဦးပေါက်ချင်ဟွေ(၉/ခမစ(နိုင်)၀၄၃၇၇၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၃)၊ ဦးပိုင်နံပါတ်(၄၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၄၁ပေ×ပေ၄၀) ထဲမှ တောင်ဘက်ပိုင်းပေ(၃၀×၄၀)၏ မြောက်ဘက်(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းထွန်းငြိမ်း(ဘ)ဦးကျော်မိုး(၅/ကဘလ(နိုင်)၂၀၂၄၀၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၁၀၆-က)၊ ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးသန်းမြင့် အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ(ရေ+မီး) အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးအောင်လွင်မော်(ဘ)ဦးဘမော်(၅/ခတန(နိုင်)၀၀၀၀၈၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်နံပါတ်(၁၄၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးစန်းအောင်နှင့် ဒေါ်ကြုတ်(ခ)ဒေါ်ကြုပ်တို့အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးငြိမ်း(ဘ)ဦးပွေး(၉/ခမစ(နိုင်)၀၁၈၂၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးအောင်မောင်း အမည်ပေါက် တောဂရန် မြေကွက်အတွင်းမှ တောင်ဘက်ဆုံးအခြမ်းပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲ အဆောက်အအုံ (ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်မီမီထွန်း(ပါ-၂)(ဘ)ဦးတာ(၉/ခမစ(နိုင်)၀၂၃၃၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၀)၊ ဦးပိုင်အမှတ်(၄၉+၅၀)အတွင်းမှ (၅၀)ခဲစင်း၊ ၃၉(B)လမ်း၊ ၇၈လမ်းနှင့်၇၉လမ်းကြားရှိ ဒေါ်ခင်စိန် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၂၆၄/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်မြမြသန်း၊ ဦးအေးကိုကိုတို့(၂)ဦးအနက် ဦးအေးကိုကိုထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၁၈၆/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဒေါ်မြမြသန်း(၉/မရတ(နိုင်)၀၁၉၉၉၆)က အမှုတွဲအမှတ်(၀၅၆၁/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်အမှတ်(၄၆-က)၊ ဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ ဦးစောမြင့် အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၂)ထပ် အဆောက်အအုံ (ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးအေးမင်း(ပါ- ၂)(ဘ)ဦးကံစိန်(၅/ပလန(နိုင်)၀၄၂၆၀၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

❖ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်သည် ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့ မယ်တို့အနေဖြင့် ဆရာများတွင်ရှိအပ်သော ဆရာ့ဂုဏ်အင်္ဂါခုနစ်ပါးဖြစ်သည့် ရှိသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခြင်းထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေပါက အမုန်းခံ၍တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသောသဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်း စသည့်ဂုဏ်များနှင့် ပြည့်စုံကြရန်လိုအပ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ
ပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



နေပြည်တော်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက

စာမျက်နှာ ၅ သို့ ❖

## BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးနှင့် ၎င်း၏ မိသားစုဝင်များ တပ်မတော်လုံခြုံရေးစခန်းမှတစ်ဆင့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးနှင့် ၎င်း၏မိသားစုဝင်များ လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အကြမ်းဖက်အဖွဲ့ အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် တံခါးဖွင့် ကြိုဆိုဖိတ်ခေါ်လျက်ရှိပြီး ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDFအပါအဝင် အကြမ်းဖက်အဖွဲ့ အမျိုးမျိုး အမည်ခံထားသည့်

စာမျက်နှာ ၁၀ သို့ ❒



## ဒူအီအား ယူရို သန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၈**

ရီးရဲလ်မက်ဒရစ်အသင်းသည် ပီအက်စ်ဂျီအသင်း တောင်ပံကစားသမား ဒူအီအား ယူရို သန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန် စီစဉ်လျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ ပွဲကစားပြီး ၂၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဒူအီကိုယ်တိုင်ကလည်း လက်ရှိအချိန် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာလိုလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းထံမှ ဒူအီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)